## ဖယ်ဒရယ်ဝါဒကို အမြင်သစ်ဖြင့်ရှုမြင်ခြင်း

# အင်စတီကျူးရှင်းများ၏ အရေးပါမှု


**နန်စီ ဘာရ်မီအို**


ပရစ်စတန်တက္ကသိုလ်မှ နိုင်ငံရေးပါမောက္ခဖြစ်တဲ့ နန်စီ ဘာရ်မီအိုဟာ အစိုးရစနစ်အပြောင်းအလဲကို ရေးခဲ့ပါတယ်။ သူ့ရဲ့မကြာသေးမီကစာအုပ်ထုတ်ဝေခြင်းတွေမှာ ဒီမိုကရေစီမတိုင်ခင် အရပ်ဘက်လူမှုအဖွဲ့အစည်းဆိုတဲ့စာအုပ် အဲ့ဒီစာအုပ်ထဲမှာ ၁၉ ရာစုဥရောပမှ သင်ခန်းစာများခေါင်းစဉ်(၂၀၀၀ခုနှစ်၊ ဖီလစ် နောဒ်နဲ့အတူ ပူးတွဲတည်းဖြတ်ခဲ့ပါတယ်။)နှင့် အံမခန်းအချိန်ကာလတွေထဲမှ သာမန်ပြည်သူတွေဆိုတဲ့စာအုပ် ဒီစာအုပ်မှာ နိုင်ငံသားတွေနဲ့ ဒီမိုကရေစီယိုယွင်းပျက်စီးခြင်းခေါင်းစဉ်(ဒီစာအုပ်ဟာ ပရစ်စတန်တက္ကသိုလ်ပုံနှိပ်တိုက်မှ မကြာမီထွက်တော့မှာပါ။)တွေပါဝင်ပါတယ်။ ယူဂို အာမိုရတ်တီနှင့် နန်စီ ဘာရ်မီအိုတို့ တည်းဖြတ်ထားတဲ့ ဖယ်ဒရယ်ဝါဒနဲ့ ပိုင်နက်နယ်မြေအက်ကွဲကြောင်းများ စာအုပ်မှစာရေးစာရာရဲ့ကောက်ချက်ဆွဲထားတဲ့အခန်းမှ ဒီအက်ဆေးဟာ ယူထားတာပါ။ ဖယ်ဒရယ်ဝါဒနဲ့ပိုင်နက်နယ်မြေအက်ကွဲကြောင်းများစာအုပ်ဟာ ဂျွန်ဟော့ကင်းတက္ကသိုလ်ပုံနှိပ်တိုက်မှ မကြာမီထွက်တော့မှာပါ။)

ဂလိုဘယ်လိုက်ဇေးရှင်း တစ်သားတည်းဖြစ်မှုကို ဖြစ်ထွန်းနေစေချိန်မှာ လူမျိုးစုမှဆင်းသက်လာတဲ့ ကွဲပြားမှုတွေဟာ အတော်လေးကို မရှုနိုင်၊မကယ်နိုင်ဖြစ်လာခဲ့ပါတယ်။နိုင်ငံတွေမှာ လူမျိုးစု အကြမ်းဖက်မှုဟာ ယခုဆိုရင်နိုင်ငံအချင်းချင်းအကြမ်းဖက်တာထက် ပိုပြီး တွေ့နေကြလို ဖြစ်လာပြီးတော့ ရပ်တန့်ဖို့ရန်လည်းပိုတောင်ခက်ခဲလာလေ့ရှိပါတယ်။ ၁၉၄၅ ကတည်းက စစ်ပွဲအားလုံးရဲ့တဝက်မှာ လူမျိုးစုအကြမ်းဖက်မှုဟာ အဓိကအခန်းကဏ္ဍမှာပါဝင်ပြီး၊ လူသန်းပေါင်း (၁၂) သန်းထက်ပိုပြီး ဒုက္ခသည်တွေဖြစ်ခဲ့ကြပြီးတော့ အနည်းဆုံး လူသန်းပေါင်း (၁၁) သန်းဟာ သေကြေပျက်ဆီးခဲ့ကြပါတယ်။ အတိအကျဆိုရရင် ယနေ့ခေတ်စစ်ပွဲတွေဟာ နိုင်ငံတွေထက်စာရင် လူတွေအချင်းချင်းကြားမှာ သိပ်မကြာခဏဖြစ်တာကြောင့် အရပ်သားထိခိုက်ပျက်စီးမှုတွေဟာ သိသိသာသာမြင့်တက်လာပါတယ်။ ဒုတိယကမ္ဘာစစ်အတွင်းမှာ သေဆုံးခဲ့ကြသူတွေအနက်က တစ်ဝက်အောက်လျော့တဲ့ သူတွေဟာ လက်နက်ကိုင် တိုက်ပွဲဝင်တဲ့သူတွေ မဟုတ်ခဲ့ပေမယ့်၊ ယနေ့ စစ်ပွဲအားလုံးရဲ့ လေးပုံပုံသုံးပုံထဲမှ တချို့ထိခိုက်ပျက်စီးသူတွေဟာ အရပ်သားတွေ ဖြစ်ခဲ့ပါတယ်။

လူမျိုးစုအကြမ်းဖက်မှုကို နိုင်ငံတွေက ဘယ်လိုရှောင်ရှားနိုင်မလဲဆိုတာနဲ့ လူမျိုးစုပေါင်းစုံ အပြေလည်ဆုံးဖြစ်အောင် နိုင်ငံတွေက ဘယ်လိုလုပ်နိုင်မလဲ။ လူမျိုးစုအမှတ်လက္ခဏာတွေဟာ ပိုင်နက်နယ်မြေရှိတဲ့အခါမျိုးမှာ ဒီမေးခွန်းကို ဖြေဆိုခြင်းက အရေးကြီးဆုံးဖြစ်နိုင်ပါတယ်။ ပထဝီနယ်မြေတစ်ခုမှာ သိပ်သည်းစွာအခြေချနေထိုင်ကြတဲ့ အုပ်စုတွေဟာ အမျိုးသားရေးအခြေခံနိုင်ငံရေးပါတီတွေအတွက် နိုင်ငံတော်လုံခြုံရေးတပ်တွေအတွက်နဲ့ နိုင်ငံတော်ရဲ့နယ်နိမိတ်တွေအတွက်တောင်မှ စိန်ခေါ်မှုတွေကို ဖြစ်ပေါ်စေနိုင်ပါတယ်။

ဖယ်ဒရယ်ဝါဒကို ရွေးချက်လိုက်တာဟာ ပိုင်နက်နယ်မြေအခြေခံတဲ့ကွဲပြားမှုကို ဖြေရှင်းဖို့ အကောင်းဆုံးနည်းလမ်းဖြစ်သလား။ အံ့အားသင့်စရာကောင်းပြီး ပိုများများလာတဲ့ နိုင်ငံတွေဟာ ဖယ်ဒရယ်စနစ်ဘက်ကို ဦးတည်ပုံပေါ်ပါတယ်။ လွန်ခဲ့တဲ့ ၂၅နှစ်မှာ စက်မှုဖွံ့ဖြိုးပြီးလူ့အဖွဲ့အစည်းတွေမှာ ဖယ်ဒရယ်စနစ်ကျင့်သုံးတဲ့ နိုင်ငံအရေအတွက်က ငါးနိုင်ငံ(ဩစတြေးလျ၊ ကနေဒါ၊ ဂျာမနီ၊ ဆွစ်စလန်နဲ့ အမေရိကန်)ကနေ (စပိန်နဲ့ ဘယ်ဂျီယမ်ထည့်ပေါင်းရင်) ခုနစ်နိုင်ငံ ထိ တိုးပွားလာခဲ့ပါတယ်။ အီတလီပြည်သူတွေဟာ လွန်ခဲ့တဲ့ ဆောင်းရာသီ (၂၀၀၁ခုနှစ်) ဖယ်ဒရယ်ပုံစံဖွဲ့စည်းဖို့ မဲပေးခဲ့ကြပြီးတော့ ကော်စီကာနဲ့ ဗြိတိန်နိုင်ငံတို့မှာ ဆွေးနွေးငြင်းခုံနေရတုန်းပါပဲ။

ဖယ်ဒရယ်ဝါဒအကြောင်းဆွေးနွေးငြင်းခုံမှုတွေဟာ ဖွံ့ဖြိုးဆဲနိုင်ငံတွေမှာလည်း ပိုပိုပြီး အရေးကြီးထင်ရှားလာပါတယ်။ အီသီအိုးပီးယားမှာ ပြည်တွင်းစစ်ကာလပြီးနောက် ဒေသတွင်းခေါင်းဆောင်တွေဟာ ဖယ်ဒရယ်ဖွဲ့စည်းပုံကို ၁၉၉၅မှာ ရေးဆွဲ ပြဋ္ဌာန်းခဲ့ပါတယ်။ ဖီလစ်ပိုင်မှာ အထက်လွှတ်တော်အမတ် (၂၄)ယောက်ထဲမှ (၂၂)ယောက်ဟာ ၂၀၀၀ခုနှစ်နိုဝင်ဘာမှာ ဖယ်ဒရယ်စနစ်ကျင့်သုံးဖို့ လူသိရှင်ကြားတောင်းဆိုခဲ့ပါတယ်။ အင်ဒိုနီးရှားမှာ အဘ်ဒူရာဟမန် ဝါဟစ်ဒ်က ၁၉၉၉ခုနှစ်မှာ ဖယ်ဒရယ်ဝါဒကို တောင်းဆိုခဲ့ပြီးတော့ ဒီတောင်းဆိုမှုက သူ့သမ္မတသက်တမ်းလွန်တဲ့အထိ အငြင်းပွားမှုဆက်ဖြစ်စေခဲ့ပါတယ်။ တောင်အာဖရိကနိုင်ငံမှာတော့ ဖက်ဒရယ်ထောက်ခံတဲ့ အတိုက်အခံပါတီတွေက အာဏာရ အာဖရိကန်အမျိုးသားကွန်ဂရက် (African National Congress)အနေနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ ဖယ်ဒရယ်စရိုက်လက္ခဏာတွေကို အာဏာသက်ဝင်အောင် ပြုလုပ်ပေးဖို့နဲ့ ပြည်နယ်အစိုးရတွေကို အာဏာပိုပေးအပ်ဖို့ဆိုတာတွေ တောင်းဆိုခဲ့ကြပါတယ်။ ဗမာ၊ယူဂန်ဒါနဲ့ အာဖကန်နစ္စတန်နိုင်ငံတို့အထိ ကွဲပြားစုံလင်လှတဲ့ နိုင်ငံတွေမှာလည်း ဖယ်ဒရယ်စနစ်ကျင့်သုံးဖို့ လေးလေးနက်နက် တောင်းဆိုမှုတွေ ကြားနေရပါတယ်။ ဆင်းရဲတဲ့နိုင်ငံတွေထဲက ပိုများများလာတဲ့ နိုင်ငံတွေမှာ ဖက်ဒရယ်စနစ်ရဲ့ ကောင်းကျိုးအပေါ် အငြင်းအခုံတွေပြုလုပ်လာကြသလိုပဲ၊ ဖက်ဒရယ်စနစ်ကို ကျင့်သုံးလာတာ ကြာခဲ့ပြီဖြစ်တဲ့ နိုင်ငံတွေမှာလည်း သူတို့နိုင်ငံအတွင်းမှာ ပြည်နယ်အရေအတွက်တွေ ပိုတိုးတိုးလာခဲ့ကြပါတယ်။ အိန္ဒိယဟာ ၁၉၇၀နှစ်များကတည်းက ပြည်နယ်အသစ်ကိုးခု ဖန်တီးခဲ့ပြီးတော့ အဲ့ဒီထဲမှ ပြည်နယ်သုံးခုဟာ ၂၀၀၀ခုနှစ် နိုဝင်ဘာလမှာမှ စတင်တည်ရှိလာတာပါ။

ဖက်ဒရယ်စနစ်ကို နှစ်ခြိုက်ထောက်ခံသူတွေအပြင် အဲဒီစနစ်ကို ကန့်ကွက်ရှုံ့ချသူတွေကြောင့်ပါ ဖက်ဒရယ်စနစ်အပေါ် စိတ်ဝင်စားမှုတိုးလာစေတာဖြစ်ပါတယ်။ သတင်းခေါင်းစဉ်တွေမှာဖျက်ခနဲကြည့်လိုက်ရင်တောင်မှ ဒီအယူအဆဟာ ဘာကြောင့်အရမ်း အငြင်းပွားဖွယ်ဖြစ်တာလဲဆိုတာကို ဖော်ပြနေပါတယ်။ ဘစ်က် (Basque) အကြမ်းဖက်မှု ကြာရှည်နေမှု၊ ကရှ်မီးယား (Kashmir)က ကာလရှည်ကြာ၊ပြင်းထန်တဲ့လှုပ်ရှားမှုနဲ့ ယူဂိုဆာဗီးယားပြိုကွဲခြင်းမှ ပေါ်ထွက်လာတဲ့ အဖြစ်ဆိုးတွေဟာ ပြေလည်ဖို့အတွက် ဖယ်ဒရယ်ဖော်မြူလာတွေက သက်သက်ညှာညှာပြောရရင် ထိရောက်မှုမရှိဘူးဆိုတာနဲ့ ကုန်ကုန်ပြောရရင် တော်တော်လေးကို ထိခိုက်နစ်နာမှုတွေဖြစ်စေတယ်ဆိုတာတို့ကို ဖော်ညွှန်းနေပုံပေါ်ပါတယ်။

ဖယ်ဒရယ်ဝါဒကို အားနည်းစေတဲ့ အကြောင်းဖြစ်ရပ်တွေကို ကွန်မြူနစ်ခေတ်အလွန် အစိုးရစနစ်တွေကို လေ့လာနေတဲ့သူတွေက ပိုအာဝဇ္ဇာန်းရှင်ရှင်နဲ့ ပြောနေကြတာဖြစ်ပါတယ်။ Valerie Bunceရဲ့ အလိုအရ၊ ကွန်မြူနစ်အစိုးရစနစ်တွေထဲမှာ ဖယ်ဒရယ်စနစ်ဟာ နိုင်ငံတော်တွေဖွဲ့စည်းတည်ထောင်ဖို့နဲ့ အမျိုးသားရေးလှုပ်ရှားမှုတွေ ပေါ်ထွက်လာဖို့လိုအပ်တဲ့ အခြေခံအစိတ်အပိုင်းအားလုံးနီးပါး ပါဝင်ပါတယ်။ ဒီအခြေခံအစိတ်အပိုင်းတွေမှာ ဘုံဘာသာစကားကိုအသိအမှတ်ပြုခြင်း၊ အမျိုးသားရေးကိုပေါ်လွင်တဲ့ ပညာတတ်လူတန်းစားကို ဖန်တီးခြင်း၊ ဌာနေအထက်တန်းလွှာတွေဦးဆောင်တဲ့ အင်စတီကျူးရှင်းတွေရဲ့ တည်ငြိမ်တဲ့အခြေခံတစ်ခု တည်ဆောက်ခြင်း၊ သဘောကွဲလွဲပြီး၊အမျိုးသားရေးရည်ရွယ်ချက်အတွက် အသုံးပြုနိုင်တဲ့ နိုင်ငံရေးနဲ့စီးပွားရေးအရင်းအမြစ်တွေကို ဒေသတွင်းခေါင်းဆောင်တွေကို ခွဲဝေသတ်မှတ်ပေးခြင်းတို့တွေ ပါဝင်ပါတယ်။ ဖယ်ဒရယ်စနစ်မှာ ပိုင်နက်နယ်မြေတစ်ခုမှာ စုစုဝေးဝေးနေထိုင်ကြတဲ့လူနည်းစုတွေကသာ အရှေ့ ဥရောပရဲ့ ကွန်မြူနစ်ခေတ်လွန် အစိုးရစနစ်ပုံစံသစ်ထဲမှာ နိုင်ငံတော်နယ်နိမိတ်တွေကို စိန်ခေါ်လေ့ရှိခဲ့တဲ့ တစ်ခုတည်းသောလူနည်းစုတွေဖြစ်တယ်ဆိုတာကို သူမက

သတိပေးပြီးတော့၊ "ဒီမိုကရေစီနိုင်ငံအသစ်တွေက လူမျိုးအခြေပြုဖယ်ဒရယ်တည်ဆောက်ပုံကို အမွေဆက်ခံရရင် အဲဒီနိုင်ငံတွေဟာ ခွဲထွက်ရေးဖိအားတွေ ပိုခံရနိုင်တယ်"လို့ သူမက ကောက်ချက်ချပါတယ်။

ဖယ်ဒရယ်ဝါဒကို ထောက်ခံတဲ့ အထောက်အထားတွေနဲ့ ဆန့်ကျင်တဲ့ အထောက်အထားတွေဟာ သိသိသာသာ ရောထွေးနေတာကြောင့် ကျွန်တော်တို့ဟာ ဖြစ်နိုင်သမျှ ဂရုတစိုက်နဲ့ အဲ့ဒါကို နှိုင်းဆရပါမယ်။ အဲဒီလိုလုပ်နိုင်ဖို့အတွက် ယူဂို အာမိုရတ်တီ (Ugo Amoretti)နဲ့ ကျွန်မဟာ စိတ်ဝမ်းသဘောကွဲလွဲမှုတွေရှိတဲ့လူ့အဖွဲ့အစည်းတွေထဲမှာ ဖယ်ဒရယ်စနစ်နဲ့ တစ်ပြည်ထောင်စနစ်တို့ရဲ့ သက်ဆိုင်တဲ့အကောင်းအဆိုးတွေကို လေ့လာဖို့ ၂၀၀၀ခုနှစ်မှာ နိုင်ငံတကာသုတေသနအဖွဲ့တစ်ခုကို ဖွဲ့စည်းခဲ့ပါတယ်။ ကျွန်မစိတ်ထဲမှာယူဂိုဆလပ်ပြိုကွဲမှုရဲ့အနိဋ္ဌာရုံတွေနဲ့ဆိုတော့ ဖယ်ဒရယ်ဝါဒဟာ လူမျိုးစုပဋိပက္ခတွေကို ပိုမိုဆိုးရွားစေခဲ့တယ်ဆိုတဲ့ကောက်ချက်ပဲ ကျွန်မတို့စီမံကိန်းက ထွက်လာမယ်လို့ပဲ မျှော်လင့်ခဲ့ပါတယ်။ အဲဒီလို ကောက်ချက်ထွက်ရမယ့်အစား၊ ကွဲပြားခြားနားလွန်းတဲ့ ဖြစ်ရပ်တွေကို သုံးသပ်ခဲ့တာတောင် ဖယ်ဒရယ်အင်စတီကျူးရှင်းတွေဟာ အောင်မြင်တဲ့ညှို့နှိုင်းပြေလည်မှုကို အားပေးတယ်ဆိုတာကို ကောက်ချက်ချခြင်းမှာ ကျွန်မတို့အားလုံး တညီတညွတ်တည်းနီးပါး သဘောတူခဲ့ကြပါတယ်။

ဆွစ်ဇလန်၊ဘယ်ဂျီယမ်၊ကနေဒါနဲ့ စပိန်အပါအဝင် သဘောကွဲလွဲမှုရှိတဲ့ လူ့အဖွဲ့အစည်းတွေရှိနေတဲ့ ဒီမိုကရေစီရှေ့တန်းရောက်တဲ့နိုင်ငံတွေမှာ ဖယ်ဒရယ်စနစ်ဟာ ပိုင်နက်နယ်မြေအခြေခံရှိတဲ့ လူနည်းစုတွေရဲ့ ဖြစ်နိုင်ခြေရှိတဲ့ ခွဲထွက်ရေးလှုပ်ရှားမှုတွေနဲ့ ရင်ဆိုင်ရတဲ့အခါမှာ နိုင်ငံတော်တွေကို စုစုစည်းစည်းနဲ့ ဒီမိုကရက်တစ်ဖြစ်စေဖို့ကို ကူညီပေးပါတယ်။ စက်မှုဖွံ့ဖြိုးပြီး လူ့အဖွဲ့အစည်းတွေရဲ့ အပြင် အခြားနေရာတွင်မှာလည်း ဖယ်ဒရယ်စနစ်ဟာ ကောင်းမွန်တဲ့ဝေဖန်ချက်တွေကိုလည်း ရရှိခဲ့ပါတယ်။ ရွေးကောက်ယှဉ်ပြိုင်ခြင်းသမိုင်းကြောင်း ကြာရှည်တဲ့ အိန္ဒိယလို၊ သမိုင်းကြောင်းတိုတဲ့ မက္ကဆီကိုလို၊ ကြားဖြစ်တဲ့ နိုက်ဂျီးရီးယားလို နိုင်ငံတွေဟာ ဖယ်ဒရယ်ဖွဲ့စည်းတည်ဆောက်ပုံတွေရဲ့ အပေါင်းလက္ခဏာပြတဲ့ အကျိုးတရားတွေအားလုံးကို ဖော်ပြနေပါတယ်။ ရုရှားမှာ ဖယ်ဒရယ်စနစ်ရဲ့ ပြောင်းလွယ်တဲ့ သဘာဝနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ တိတိကျကျ ပြဋ္ဌာန်းမှု မရှိခြင်းတို့က ဗဟိုနဲ့နယ်မြေဒေသတွေကြားမှာ နှစ်ဦးနှစ်ဖက်ဆက်ဆံရေးတည်ဆောက်မှုကို ဖန်တီးစေရုံသာမက မြင်လွယ်တဲ့ချေချင်ညာဖြစ်ရပ်ခွင်းချက်ကလွဲရင် ဒေသတွင်း ခွဲထွက်ရေးခြိမ်းခြောက်မှု အဆုံးသတ်စေဖို့ စီမံပေးခဲ့ပါတယ်။

ကွဲပြားတဲ့ကိစ္စရပ်တွေက အဲလ်ဖရ်ဒ် စတီဖန် (Alfred Stephan) အသားပေးဖော်ပြတဲ့ ဖယ်ဒရယ်စနစ်၊ ဗဟုအမျိုးသားရေးဝါဒနဲ့ ဒီမိုကရေစီကြားမှာ ထူးခြားတဲ့ဆက်စပ်မှုကို ရှင်းပြဖို့ကူညီပေးပါတယ်။ ဖယ်ဒရယ်စနစ်ရဲ့ အန္တရာယ်တွေကို အသိအမှတ်ပြုထားသော်လည်း သူက "ဘာသာစကားမျိုးစုံပြောပြီး လူမျိုးပေါင်းစုံနေထိုင်တဲ့ လူ့အဖွဲ့အစည်းထဲမှာ ကာလကြာရှည်တည်ရှိတဲ့ ဒီမိုကရေစီနိုင်ငံတိုင်းဟာ ဖယ်ဒရယ်နိုင်ငံတွေဖြစ်တယ်" ဆိုတဲ့ ထင်ရှားတဲ့အချက်ကို မြင်သာအောင်ဖော်ပြထားပါတယ်။ ရုရှား၊အင်ဒိုနီးရှားနဲ့ ဗမာတို့လို လူမျိုးရေးနဲ့ ဘာသာစကားကွဲပြားမှု ရေချိန်မြင့်တဲ့ တိုင်းပြည်တွေမှာ "အလုပ်ဖြစ်နိုင်တဲ့ဖယ်ဒရယ်စနစ်တွေ" မရှိဘဲ တည်ငြိမ်တဲ့ဒီမိုကရေစီနိုင်တွေဘယ်တော့မှ ဖြစ်လာလိမ့်မှာမဟုတ်ဘူးလို့ သူက ဆက်ပြောပါတယ်။

စတီဖန်ရဲ့ယတိပြတ်ဟောကိန်းထုတ်မှုဟာ ကျွန်မတို့ကို ဖယ်ဒရယ်စနစ်ရဲ့ အကျိုးသက်ရောက်မှုတွေအကြောင်းကို အရေးတကြီးစဉ်းစားဖို့ စေ့ဆော်ပေးခဲ့ပါတယ်။ အင်စတီကျူးရှင်းတွေကို ရှုထောင့်ပေါင်းစုံမှ

အကောင်းဆုံးအကဲဖြတ်လို့ရတာကြောင့်၊ မျှတတဲ့ခွဲခြမ်းစိတ်ဖြာမှုတစ်ခုက နှိုင်းယှဉ်လေ့လာတဲ့ရှုထောင့်နဲ့ သမိုင်းကြောင်းဆိုင်ရာရှုထောင့်နှစ်မျိုးလုံးလိုအပ်ပါတယ်။ ပထမဆုံးနဲ့ အရှင်းဆုံးဆိုရရင် ပိုင်နက်နယ်မြေအခြေပြုတဲ့လူနည်းစုတွေရဲ့ အရေးကို ပြေလည်အောင်ဖြေရှင်းမှုမှာ ဖယ်ဒရယ်နိုင်ငံတွေက တစ်ပြည်ထောင်နဲ့ဘယ်လို နှိုင်းယှဉ်ရမလဲဆိုတာကို ကျွန်တော်တို့စုံစမ်းရမယ်။ ဒုတိယကတော့ ဖယ်ဒရယ်မှုပြုခြင်းဟာ တခြားဖြစ်နိုင်တဲ့ ပဋိပက္ခစီမံခန့်ခွဲမှုယန္တရားတွေနဲ့ ဘယ်လိုနှိုင်းယှဉ်မလဲဆိုတာကို စုံစမ်းရမယ်။ နောက်ဆုံးမှာ ဖယ်ဒရယ်စနစ် ဘယ်အချိန်မှာ မအောင်မြင်သလဲဆိုတာနဲ့ ဘာကြောင့်ကျဆုံးတာလဲဆိုတာကို လေ့လာဖို့ သမိုင်းကြောင်းဆိုင်ရာ မှတ်တမ်းတွေကို ပြန်လည်သုံးသပ်ရမယ်။

**ဖယ်ဒရယ်စနစ်နှင့် တစ်ပြည်ထောင်စနစ်**

နိုင်ငံတော်ရဲ့ ဗဟိုနဲ့ သူ့ရဲ့ ရပ်ရွာဒေသတွေအကြားမှာ အင်စတီကျူးရှင်းတွေပါတဲ့ အလွှာတစ်ခုရှိတဲ့အခါ၊ ဒီအင်တီကျူးရှင်းတွေရဲ့အလွှာက သက်ဆိုင်ရာခေါင်းဆောင်တွေနဲ့ ကိုယ်စားပြုအဖွဲ့အစည်းတွေကို ပုံဖော်ပေးထားတဲ့အခါနဲ့ ထိုခေါင်းဆောင်တွေနဲ့ ကိုယ်စားပြုအဖွဲ့အစည်းတွေက ဆုံးဖြတ်ချက်ချတဲ့အာဏာကို နိုင်ငံတော်ဗဟိုနဲ့ ခွဲဝေသုံးစွဲတဲ့အခါ ဖယ်ဒရယ်စနစ်ဟာ တည်ရှိပါတယ်။ အာဏာရှင်နိုင်ငံတွေဟာ သူတို့ရဲ့ ကိုယ်စားပြုအဖွဲ့အစည်းတွေရဲ့ မှားယွင်းတဲ့သဘာဝကြောင့် ဖယ်ဒရယ်စစ်စစ်မှန်မှန်မဖြစ်နိုင်ဘူးလို့ စောဒကတက်မှုအတွက် ခိုင်မာတဲ့ အကြောင်းပြချက်တွေရှိသော်လည်း မျှဝေကျင့်သုံးတဲ့ ဆုံးဖြတ်ချက်ချတဲ့အာဏာတွေကို ကျွန်မကအလေးထားတာကြောင့် ဖယ်ဒရယ်အမျိုးအစားမှာ အစိုးရစနစ်ပုံစံနှစ်ခုလုံးကို ထည့်သွင်းထားပါတယ်။

ဖယ်ဒရယ်ဝါဒနဲ့တစ်ပြည်ထောင်ဝါဒတို့ကို နှိုင်းယှဉ်လေ့လာမှုတွေဟာ အံ့သြစရာကောင်းလောက်အောင် ရှားပါးပါတယ်။ ကံကောင်းစွာနဲ့ပဲ တက်ဒ်ရောဘတ်ဂါရ် (Ted Robert Gurr) ရဲ့ အန္တရာယ်တွင်းမှ လူနည်းစုများ(“Minority at Risk – MAR (အမ်အေအာ)ပရောဂျက်ရဲ့ ဒေတာတွေက ကျွန်မတို့ကို အခြေခံဖြစ်ပေမယ့် အရိပ်အမြွက် ပြတဲ့နှိုင်းယှဉ်ချက်တွေ ပြုလုပ်နိုင်စေခဲ့ပါတယ်။ ဖယ်ဒရယ်စနစ်နဲ့ တိုက်ရိုက်မသက်ဆိုင်သော်လည်း အမ်အေအာပရောဂျက်ဟာ ဖယ်ဒရယ်နဲ့တစ်ပြည်ထောင်နိုင်ငံတွေနှစ်မျိုးလုံးမှာ လူနည်းစုအုပ်စုပေါင်းများစွာပါတဲ့ အစုအကြီးကြီးနဲ့ ပတ်သက်တဲ့ တော်တော်လေးအသေးစိတ်ဖြစ်တဲ့ သတင်းအချက်အချက်အလက်တွေကို ထောက်ပံ့ပေးပါတယ်။ ဒီပရောဂျက်ဟာ (၁) စနစ်တကျခွဲခြားဆက်ဆံတဲ့အပြုအမူတွေမှ ဒုက္ခတွေခံစားခဲ့ရတဲ့ (သို့မဟုတ် အကျိုးကျေးဇူးတွေရရှိခဲ့တဲ့ အဖွဲ့တွေ

**ဇယား (၁)- ပြေလည်အောင်စီမံပေးနိုင်ခြင်း အတိုင်းအတာများ**

| ပြေလည်အောင်စီမံပေးနိုင်ခြင်း အတိုင်းအတာများ | နိုင်ငံတွေအားလုံး | | အာဏာရှင်နိုင်ငံများ | | ဒီမိုကရေစီနိုင်ငံများ | |
|---|---|---|---|---|---|---|
| | ဖယ်ဒရယ် | တစ်ပြည်ထောင် | ဖယ်ဒရယ် | တစ်ပြည်ထောင် | ဖယ်ဒရယ် | တစ်ပြည်ထောင် |
| လက်နက်ကိုင်တော်လှန်ခြင်း | 1.13 | 3.14 | 0.92 | 4.36 | 1.59 | 1.20 |
| နိုင်ငံရေးခွဲခြားအရခွဲခြားဆက်ဆံခြင်း | 1.54 | 1.95 | 1.42 | 2.05 | 1.67 | 1.88 |
| စီးပွားရေးအရခွဲခြားဆက်ဆံခြင်း | 1.33 | 2.00 | 1.00 | 1.79 | 1.61 | 2.24 |
| နိုင်ငံရေးအရ မကျေနပ်ချက်များ | 1.67 | 3.11 | 1.08 | 3.16 | 2.29 | 2.92 |
| စီးပွားရေးအရ မကျေနပ်ချက်များ | 1.87 | 2.56 | 1.00 | 2.14 | 2.72 | 3.28 |
| ယဉ်ကျေးမှုအရမကျေနပ်ချက်များ | 1.96 | 2.32 | 1.73 | 2.41 | 2.28 | 2.20 |

*Source:* Ted Robert Gurr, Minorities at Risk: A Global View of Ethnopolitical Conflicts (Washington, D.C.: U.S. Institute of Peace Press, 1993).
မှတ်ချက်။ ပိုနိမ့်တဲ့နံပါတ်တွေက ပိုကောင်းတဲ့ညှိနှိုင်းပြေလည်မှုကို ဆိုလိုပါတယ်။

(၂) သူတို့ကိုယ်တိုင်အဓိပ္ပါယ်ဖွင့်ဆိုထားတဲ့ အကျိုးစီးပွားတွေကို ကာကွယ်ဖို့ ၁၉၄၅နဲ့ ၁၉၈၉ ကြားမှာ တစ်ချိန်ချိန်မှာ စုစည်းလှုပ်ရှားခဲ့ကြတဲ့အဖွဲ့တွေ ၃) ၁၉၈၅မှာ လူဦးရေ တစ်သန်းထက်ပိုများတဲ့ နိုင်ငံတွေမှာ နေထိုင်ခဲ့ကြတဲ့ အစုအဖွဲ့တွေ ၄) နိုင်ငံလူဦးရေရဲ့ အနည်းဆုံး (၁)ရာခိုင်နှုန်း ရှိတဲ့ (သို့မဟုတ်) လူဦးရေ (၁၀၀,၀၀၀)အထက် ရှိခဲ့တဲ့ အစုအဖွဲ့တွေ အားလုံးနဲ့ သက်ဆိုင်တဲ့ ဒေတာတွေပေးထားပါတယ်။ ဥရောပ၊အာရှ၊အရှေ့အလယ်ပိုင်းနဲ့ အမေရိကားမှာရှိတဲ့ ပိုင်နက်အခြေခံစုစည်းထားတဲ့ လူနည်းစု (၁၂၂)စုအားလုံးဟာ ဒီစံသတ်မှတ်ချက်တွေနဲ့ ကိုက်ညီပါတယ်။ ဒီလူမျိုးစုတွေထဲမှ (၄၆) စုဟာ ဖယ်ဒရယ်နိုင်ငံတွေမှာနေထိုင်ပြီး၊ (၆၆)စုဟာ တပြည်ထောင်နိုင်ငံတွေမှာ နေထိုင်ကြပါတယ်။

အောင်မြင်တဲ့ညှိနှိုင်းပြေလည်မှုမှာ ပဋိပက္ခတွေအားလုံးကို ချုပ်ငြိမ်းစေရုံသာမဟုတ်ပါဘူး အကြမ်းဖက်တဲ့ပဋိပက္ခကို ဖယ်ရှားမှုနဲ့ အနာဂါတ်မှာ အကြမ်းဖက်မှုကို အစပျိုးကောင်းပျိုးနိုင်တဲ့ အခြေအနေများ လျော့နည်းစေခြင်းတွေပါ ပါဝင်ပါတယ်။ ဖယ်ဒရယ်စနစ်ရဲ့ ပင်ကိုဖြစ်တဲ့ အာဏာပျံ့နှံ့စေခြင်းဟာ တကယ်တော့ နယ်မြေတစ်ခုမှာ စုစုစည်းစည်းနေထိုင်ကြတဲ့ လူနည်းစုတွေကို တကယ့်ကို အကျိုးရှိစေတယ်ဆိုရင် ဖယ်ဒရယ်နိုင်ငံတွေမှာ လူနည်းစုတွေကို လက်နက်ကိုင်တော်လှန်တဲ့ လုပ်ရပ်တွေပိုလျော့ချမှုမှာ ပါဝင်ဖို့၊ ပိုမိုနည်းပါးသွားတဲ့ စီးပွားရေးနဲ့နိုင်ငံရေးခွဲခြားဆက်ဆံခြင်းတွေကို လက်တွေ့တွေ့ကြုံခံစားစေဖို့နဲ့ ပိုနိမ့်သွားတဲ့ နိုင်ငံရေး၊စီးပွားရေးနဲ့ယဉ်ကျေးမှုပေါ်လစီတွေနဲ့ ပတ်သက်ပြီး မကျေနပ်ချက်တွေ ရှိစေဖို့ မျှော်လင့်လို့ရပါတယ်။ ဒီမျှော်မှန်းချက်အများစုက ဒီအချက်အလက်ကတွေ ထွက်ပေါ်လာတာပါ။ ညှိနှိုင်းပြေလည်မှုရဲ့ အတိုင်းအတာခြောက်ခုလုံးပေါ်မှာ ဖယ်ဒရယ်အစိုးရတွေဟာ တစ်ပြည်ထောင်အစိုးရတွေထက်ပိုပြီး တစ်ပန်းသာပါတယ်။(အပေါ်ဇယား(၁)ကိုကြည့်ပါ။)

ဖယ်ဒရယ်စနစ်တွေဟာ အစိုးရရဲ့အလွှာများစွာနဲ့ ငြိမ်းချမ်းတဲ့နည်းနဲ့ အပေးအယူဈေးဆစ်နိုင်ဖို့ ပိုများတဲ့ အခင်းအကျင်းတွေ ဖြစ်စေပါတယ်။ ၄င်းတို့ဟာ တည်ရှိနေတဲ့ နိုင်ငံရေးအင်စတီကျူးရှင်းတွေမှာ အနည်းဆုံးတော့ တချို့ဒေသဆိုင်ရာအထက်တန်းလွှာတွေအတွက် ပိုကြီးမားတဲ့ အကျိုးစီးပွား မျှော်လင့်နိုင်ခြေကိုလည်း ပေးပါတယ်။ ဒီဆွဲဆောင်မှုတွေရှိနေတဲ့အတွက် ဖယ်ဒရယ်နိုင်ငံတွေမှာ လက်နက်ကိုင်တော်လှန်ရေးတွေ ပိုလျော့ပါးဖို့ကို မျှော်လင့်လို့ရပါတယ်။ တကယ်တော့ ဖယ်ဒရယ်နိုင်ငံတွေအတွက် လက်နက်ကိုင်တော်လှန်ရေး ပျမ်းမျှရမှတ်တွေဟာ တစ်ပြည်ထောင်နိုင်ငံတွေအတွက် ရမှတ်ရဲ့ တစ်ဝက်ထက်တောင် နည်းပါသေးတယ်။ ဖယ်ဒရယ်အာဏာရှင်နိုင်ငံတွေနဲ့ တစ်ပြည်ထောင်အာဏာရှင်နိုင်ငံတွေကို နှိုင်းယှဉ်တဲ့အခါမှာ ဖယ်ဒရယ်စနစ်တွေဟာ ပိုကောင်းပုံပေါ်ပါတယ်။ ဆိုလိုတာက လူနည်းစုတော်လှန်ရေးဖြစ်ပွားမှုပမာဏဟာ ဖယ်ဒရယ်အာဏာရှင်နိုင်ငံတွေမှာထက် တစ်ပြည်ထောင်အာဏာရှင်နိုင်ငံတွေမှာ ပိုမိုလွန်ကဲပြီး လေးဆမကပိုဖြစ်ပါတယ်။
ဒီမိုကရေစီနိုင်ငံတွေမှာ လူနည်းစုတွေရဲ့အပြုအမူကို ကြည့်မယ်ဆိုရင် (အနိမ့်ဆုံးတော့ အစပိုင်းမှာ) ကွဲပြားတဲ့ပုံစံကိုတွေ့ရမှာပါ။ ဖယ်ဒရယ်ဒီမိုကရေစီနိုင်ငံတွေမှာရှိတဲ့ လူနည်းစုများအတွက် လက်နက်ကိုင်တော်လှန်ရေးရမှတ်ဟာ တစ်ပြည်ထောင်ဒီမိုကရေစီနိုင်ငံတွေမှာရှိတဲ့ လူနည်းစုများ လက်နက်ကိုင်တော်လှန်ရေးရမှတ်ထက် မသိမသာပိုမြင့်ပါတယ်။ ဒါပေမဲ့ သေသေချာချာ စေ့စေ့စပ်စပ်ကြည့်မယ်ဆိုရင် ဒီလို မြင့်ရခြင်းဟာ အိန္ဒိယက တော်လှန်ပုန်ကန်မှုတွေကြောင့် ဖြစ်ရတာဆိုတာကို

ဖော်ပြနေပါတယ်။ အိန္ဒိယကို ဖယ်ထုတ်ထားမယ်ဆိုရင် ဖယ်ဒရယ်ဒီမိုကရေစီနိုင်ငံတွေမှာရှိတဲ့ လူနည်းစုများအတွက် တော်လှန်ပုန်ကန်ခြင်းရမှတ်ဟာ တစ်ပြည်ထောင်ဒီမိုကရေစီနိုင်ငံတွေအတွက် ရမှတ်တဝက်ခန့်အထိကို ကျဆင်းသွားပါတယ်။ ကွဲလွဲတဲ့အိန္ဒိယအထောက်အထားဟာ တော်တော်လေးကို အာရုံစိုက်ဖို့ ထိုက်တန်ပေမဲ့ တစ်နည်းအားဖြင့်ဆိုရရင် ကွဲပြားခြားနားချက်တွေဟာ သိသာထင်ရှားလှပါတယ်။ ဖွံ့ဖြိုးဆဲကမ္ဘာမှာဘယ်ဖယ်ဒရယ်ဒီမိုကရေစီနိုင်ငံမှာမဆို ပေးထားတဲ့ ကျွန်မတို့ဒေတာတွေထဲမှာ တခြားဘယ်လူနည်းစုကမှ လက်နက်ကိုင်လှုပ်ရှားရုန်းကန်မှုတွေမှာ ပါဝင်လေ့မရှိကြဘူးဆိုတာပါပဲ။
ဖယ်ဒရယ်စနစ်ဟာ လျော့နည်းတဲ့ နိုင်ငံရေးဆိုင်ရာခွဲခြားဆက်ဆံခြင်းနဲ့ ဆက်နွယ်ပတ်သက်မှုရှိသလား။ အထူးသဖြင့် အရေအတွက်အားဖြင့် များပြားလွှမ်းမိုးမှုရှိတဲ့ အချို့ဒေသက လူနည်းစုတွေအနေနဲ့ ကြည့်မယ်ဆိုရင်) ဆက်နွယ်မှုရှိလိမ့်မယ်လို့ မျှော်လင့်နိုင်စရာ အကြောင်းပြချက် လုံလောက်လောက်အောင် ရှိနေပါတယ်။ အဲဒီဖြစ်ရပ်တွေထဲမှာဆိုရင် ဒေသဆိုင်ရာ အစိုးရအဖွဲ့ထဲက ကိုယ်စားလှယ်တွေဟာ လူနည်းစုအခွင့်အရေးတွေကို မကာကွယ်ခဲ့ရင် ထိခိုက်မှုတွေ ခံရပါလိမ့်မယ်။ နိုင်ငံရေးခွဲခြားဆက်ဆံခြင်းဟာ တကယ်တော့ ဖယ်ဒရယ်အစိုးရတွေမှာ ပိုလျော့ကျတယ်လို့ အမ်အေအာရ်ဒေတာတွေက ညွှန်ပြပါတယ် (ရှေ့စာမျက်နှာမှ ဇယား(၁)ကိုကြည့်ပါ။) ဒါ့အပြင် ဒီကွဲပြားခြားနားမှုဟာ ဒီမိုကရေစီနိုင်ငံတွေနဲ့ အာဏာရှင်နိုင်ငံတွေနှစ်မျိုးစလုံးမှာလည်း မှန်နေပါတယ်။ စီးပွားရေးဆိုင်ရာ ခွဲခြားဆက်ဆံမှုအဆင့်တွေဟာ တစ်ပြည်ထောင် နိုင်ငံတွေမှာထက် ဖယ်ဒရယ်နိုင်ငံတွေမှာ သိသိသာသာ ပိုလျော့ကျပါတယ်။ ဒီနေရာမှာလည်း ဒီမိုကရေစီနိုင်ငံတွေမှာရော၊ အာဏာရှင်နိုင်ငံတွေမှာပါ ဖက်ဒရယ်စနစ်က အသာရပြနိုင်ပါတယ်။

နိုင်ငံရေးနဲ့စီးပွားရေးဆိုင်ရာ ခွဲခြားဆက်ဆံခြင်း နှိမ့်ပါးမှုနဲ့ ပိုနိမ့်တဲ့ မကျေနပ်အဆင့်အကြားမှာ ဆက်နွယ်ပတ်သတ်မှုရှိတယ်လို့ မျှော်လင့်လို့ရပြီးတော့ အများအားဖြင့် ဒီဒေတာတွေက ဒီမျှော်မှန်းချက်ကို အတည်ပြုပေးနေပါတယ်။ ဇယား(၁)အောက်ပိုင်းတဝက်ဟာ အကြောင်းအရာဧရိယာသုံးခုမှာရှိတဲ့ မကျေနပ်ချက်ရေချိန်တွေကို နှိုင်းယှဉ်တာပါ၊ ဒီဧရိယာသုံးခုကတော့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်မဟုတ်တဲ့ နိုင်ငံရေးအခွင့်အရေးတွေ၊ စီးပွားရေးအခွင့်အရေးတွေနဲ့ ယဉ်ကျေးမှုအခွင့်အရေးတွေဖြစ်ပါတယ်။ နိုင်ငံရေးနဲ့စီးပွားရေးအခွင့်အရေးနှစ်မျိုးလုံးနဲ့သက်ဆိုင်တဲ့ မကျေနပ်ချက်ရေချိန်တွေဟာ ဖယ်ဒရယ်နိုင်ငံတွေမှာရှိတဲ့ လူနည်းစုတွေကြားမှာ သိသိသာသာကို ပိုလျော့ကျပါတယ်။ တစ်ပြည်ထောင်နိုင်ငံတွေမှာရှိတဲ့ ယဉ်ကျေးမှုဆိုင်ရာအခွင့်အရေးနဲ့သက်ဆိုင်တဲ့ မကျေနပ်ချက်ရေချိန်တွေမှ ကွဲလွဲမှုဟာ စာရင်းအင်းအရ မသိသာသော်လည်း ဖယ်ဒရယ်နိုင်ငံတွေမှာတော့ ပိုလျော့ကျပါတယ်။

ပြည်သူတွေဟာ နှိပ်စက်ခြင်းတွေကို ရှောင်ရှားဖို့ သူတို့အကြိုက်ဆုံးအရာတွေကို ဖုံးကွယ် ထားဖို့ ဖိအားပေးခံရတာကြောင့် အာဏာရှင်နိုင်ငံတွေမှာရှိတဲ့ မကျေနပ်ချက်ရေချိန်တွေကို အကဲဖြတ်ခြင်းဟာ မဖြစ်နိုင်ခြေရှိသော်လည်း၊ ဒီမိုကရေစီနိုင်ငံတွေမှာတော့ မကျေနပ်မှုတိုင်းတာချက်တွေဟာ ပြဿနာမရှိသလောက်ပါပဲ။ ဖယ်ဒရယ်ဒီမိုကရေစီနိုင်ငံတွေမှာရှိတဲ့ လူနည်းစုတွေဟာ နိုင်ငံရေးဆိုင်ရာမကျေနပ်ချက်နဲ့ စီးပွားရေးဆိုင်ရာမကျေနပ်ချက်ဆိုတဲ့ အမျိုးအစားနှစ်ခုမှာ တစ်ပြည်ထောင်ဒီမိုကရေစီနိုင်ငံတွေမှာရှိတဲ့ လူနည်းစုတွေထက် ပိုကောင်းကြပုံပေါ်ပါတယ်။ ဒါပေမဲ့ ယဉ်ကျေးမှုနဲ့လူမှုရေးအခွင့်အရေးတွေနဲ့ပတ်သက်ပြီး လူနည်းစုမကျေနပ်ချက်တွေဟာ ဖယ်ဒရယ်ဒီမိုကရေစီနိုင်ငံတွေမှာနည်းနည်းပိုမြင့်ပုံပေါ်ပါတယ်။
ဒီမကျေနပ်ချက်ရဲ့အထောက်အထားအရင်းအမြစ်တွေက ရှင်းရှင်းလင်းလင်းမရှိတဲ့အပြင် ပမာဏသေးသေးလေးပဲ ကွာခြားခြင်းက မကျေနပ်ချက်ရေချိန်တွေဟာ အခြေခံအားဖြင့်အတူတူပဲလို့ ဆိုလိုကောင်းဆိုလိုနိုင်သော်လည်း

ဒါက ဖယ်ဒရယ်ဒီမိုကရေစီနိုင်ငံတွေအနေနဲ့ ညှိနှိုင်းပြေလည်မှုနဲ့ ပတ်သက်ပြီး လိုအပ်ချက်ရှိနေတဲ့ တစ်ခုတည်းသော ရှုထောင့်ဖြစ်တယ်ဆိုတာကတော့ စိတ်ဝင်စားဖွယ်ကောင်းပါတယ်။

ဒီဒေတာတွေက ဖယ်ဒရယ်စနစ်ဟာ တစ်ပြည်ထောင်စနစ်တွေမှာထက် ပိုကောင်းတဲ့ ပြေလည်အောင်စီမံပေးနိုင်မှု ဖြစ်စေတယ်လို့ တိတိကျကျညွှန်ပြနေပါတယ်။ ဖြစ်ရပ်လေ့လာချက်တွေက ထွက်ပေါ်လာတဲ့ ဖယ်ဒရယ်စနစ်နဲ့ဆိုင်တဲ့ ယေဘုယျ အပေါင်းလက္ခဏာပြတဲ့ အကဲဖြတ်ချက်တွေကို အမ်အေအာရ်ဒေတာတွေဟာ အားဖြည့်ပေးတာကြောင့် တကယ့်ကိုကွဲပြားတဲ့ အထောက်အထားအမျိုးအစားနှစ်ခုဟာ ကျွန်မတို့ကို တူညီတဲ့ကောက်ချက်ချမှုဆီကို ညွှန်ပြပါတယ်။

**ဇယား(၂)- ၁၉၈၀ ပြည့်လွန်နှစ်များအတွင်း ဖယ်ဒရယ်အစိုးရနှင့် တစ်ပြည်ထောင်အစိုးရများ၏ အစိုးရသက်တမ်းနဲ့ လူနည်းစုအရေး ပြေလည်အောင်စီမံနိုင်မှု**

| **ပြေလည်အောင်စီမံပေးနိုင်ခြင်း အတိုင်းအတာများ** | ၅နှစ်(သို့) ပိုရှည်ကြာ | | ၂၅နှစ်အောက်လျော့နည်း | | ၁၅နှစ်အောက်လျော့နည်း | |
|---|---|---|---|---|---|---|
| | ဖက်ဒရယ် | တစ်ပြည်ထောင် | ဖက်ဒရယ် | တစ်ပြည်ထောင် | ဖက်ဒရယ် | တစ်ပြည် ထောင် |
| လက်နက်ကိုင်တော်လှန်ခြင်း | 0.76 | 1.28 | 1.69 | 4.05 | 3.38 | 4.25 |
| နိုင်ငံရေးခွဲခြားအရခွဲခြားဆက်ဆံခြင်း | 1.26 | 2.07 | 1.88 | 1.93 | 1.50 | 1.76 |
| စီးပွားရေးအရခွဲခြားဆက်ဆံခြင်း | 1.14 | 2.00 | 1.75 | 1.84 | 1.25 | 1.80 |
| နိုင်ငံရေးအရ မကျေနပ်ချက်များ | 1.46 | 3.19 | 1.63 | 2.99 | 1.75 | 3.02 |
| စီးပွားရေးအရ မကျေနပ်ချက်များ | 1.78 | 2.78 | 2.44 | 2.43 | 1.38 | 2.46 |
| ယဉ်ကျေးမှုအရမကျေနပ်ချက်များ | 1.82 | 2.69 | 1.63 | 2.03 | 1.50 | 2.13 |
| စောင့်ကြည့်လေ့လာမှု အရေအတွက် | 8 | 9 | 4 | 20 | 2 | 15 |

အရင်းအမြစ်။ ဇယား(၁)ကို ကြည့်ပါ။

## တစ်မူထူးတဲ့ ရှင်းပြချက်များ ရှိပါသလား

ဒါကတော့ ကျွန်မတို့ဟာ ဖယ်ဒရယ်စနစ်ရဲ့ အကျိုးသက်ရောက်မှုကို တခြားတစ်ခုခုရဲ့ အကျိုးသက်ရောက်မှုနဲ့ မှားနေကြတာလား။ ဒီမေးခွန်းဟာ ကာလရှည်ကြာ စုံစမ်းစစ်ဆေးဖို့ထိုက်တန်သော်လည်း ကွဲပြားတဲ့မှန်းဆချက်နှစ်ခုဟာ ကျွန်မတို့ရဲ့အနီးကပ်အာရုံစိုက်ဖို့ကို ခိုင်လုံစေပါတယ်။ ပထမဆုံးကတော့ အစိုးရတည်ငြိမ်မှုနဲ့သက်ဆိုင်ပါတယ်။ တည်ငြိမ်တဲ့အစိုးရတွေဟာ မတည်ငြိမ်တဲ့အစိုးရတွေထက် လူနည်းစုတွေကို လိုက်လျောပေးခြင်းမှာ ပိုကောင်းနိုင်ဖွယ်ရှိတယ်ဆိုတာ အထူးစဉ်းစားစရာမလိုပါဘူး။ ဖယ်ဒရယ်အစိုးရတွေဟာ တစ်ပြည်ထောင်အစိုးရတွေထက်ပို တည်ငြိမ်တယ်ဆိုရင် ပင်ကိုအားဖြင့် ဖယ်ဒရယ်ဝါဒထက် အစိုးရတည်ငြိမ်မှုက ကျွန်မတို့ရလဒ်တွေကို ရိုက်ခတ်မှုရှိတယ်ဆိုတာဖြစ်နိုင်ပါတယ်။

တကယ်တော့ ဖယ်ဒရယ်နိုင်ငံတွေဟာ အမ်အေအာရ်ဒေတာစက်မှာ အချက်အလတ်ထည့်သွင်းတဲ့ ကာလမှာ တစ်ပြည်ထောင်နိုင်ငံတွေထက်ပို၍ တည်ငြိမ်ခဲ့ပါတယ်။ ၁၉၈၀မှာ အမ်အေအာရ်ဒေတာစတင်တဲ့အခါ

တစ်ပြည်ထောင်အစိုးရတွေရဲ့ ပျမ်းမျှသက်တမ်းဟာ ၁၄.၄နှစ်ဖြစ်စဉ်အတွင်းမှာ ဖယ်ဒရယ်အစိုးရတွေရဲ့ ပျမ်းမျှသက်တမ်းဟာ ၂၀.၅နှစ်ဖြစ်ပါတယ်။ ဒါပေမဲ့ ကျွန်မတို့ဟာ အစိုးရသက်တမ်းရှည်ခြင်းအတွက် ထိန်းချုပ်မယ်ဆိုရင်တောင်မှ ဖယ်ဒရယ်ဝါဒရဲ့နှိုင်းယှဉ်ချက်မြင့်ခြင်းဟာ ဆက်လက်တည်ရှိနေမှာပါ (အပေါ်ဇယား(၂)ကို ကြည့်ပါ)။ တည်ငြိမ်မှုကိုယ်တိုင်က ညှိနှိုင်းပြေလည်ဖို့အတွက် အစိုးရရဲ့လုပ်နိုင်စွမ်းကို အဆုံးအဖြတ်မပေးဘူး။ဖယ်ဒရယ်ဝါကတော့ လွတ်ကင်းတဲ့အကျိုးတရားတွေရှိပုံပေါ်တယ်ဆိုတာကို ဒီဒေတာတွေဟာ ညွှန်ပြပါတယ်။ ဒါ့အပြင် ဖယ်ဒရယ်ဝါဒဟာ အစိုးရတည်ငြိမ်မှုကို ဖြည့်ဆည်းပေးတယ်ဆိုတာ ဖြစ်နိုင်ပါတယ်။ ဖယ်ဒရယ်နိုင်ငံတွေမှရှိတဲ့ လူနည်းစုတွေဟာ လက်နက်ကိုင်လှုပ်ရှားမှုကို မတက်နိုင်တဲ့အဆုံးကျင့်သုံးနိုင်ဖွယ်ကမရှိသလောက်ဆိုတဲ့အချက်ဟာ ဘာကြောင့်လဲဆိုတာကို ရှင်းပြဖို့ အကူညီပေးနေမှာပါ။

ဖယ်ဒရယ်ဝါဒရဲ့အကျိုးတရားတွေဟာ အစိုးရတည်ငြိမ်မှုနဲ့လွတ်ကင်းပုံပေါ်ပေမဲ့ ကြွယ်ဝချမ်းသာမှုနဲ့ရောလွတ်ကင်းရဲ့လား။ ပိုချမ်းသာတဲ့တိုင်းပြည်တွေဟာ ပြည်သူ့တောင်းဆိုချက်တွေကိုဖြည့်ဆည်းပေးဖို့ အရင်းအမြစ်တွေပိုရှိတာကြောင့် လူနည်းစုတွေကို ပိုမိုပြီး နေရာပေးနိုင်စွမ်းရှိလိမ့်မယ်ဆိုတာကို နားလည်လို့ရပါတယ်။ တကယ်တော့ ကျွန်မတို့ဟာ ဖယ်ဒရယ်တိုင်းပြည်တွေနဲ့ တစ်ပြည်ထောင်တိုင်းပြည်တွေကို တစ်ဦးချင်းဝင်ငွေ ဂျီဒီပီအရ နှိုင်းယှဉ်တဲ့အခါမှာ ဖယ်ဒရယ်နိုင်ငံတွေဟာ တစ်ပြည်ထောင်နိုင်ငံတွေထက်သိသိသာသာပိုချမ်းသာကြတယ်ဆိုတာကို ချက်ချင်းမြင်လို့ရပါတယ်။ ၁၉၈၀နှစ်များမှာ တည်ရှိလာကြတာ ဖယ်ဒရယ်နိုင်ငံ(၁၈)နိုင်ငံသာရှိပြီးတော့ (ကျွန်မတို့ဟာ ပိုင်နက်နယ်မြေအခြေခံစုစည်းထားတဲ့လူနည်းစုတွေနေထိုင်တဲ့ နိုင်ငံများပေါ်မှာ အာရုံစိုက်ထားတာကြောင့်)ကျွန်မတို့ဒေတာစက်ထဲမှာ ၁၄နိုင်ငံသာရှိပါတယ်။ ဒါပေမဲ့ ဒီသေးငယ်တဲ့အုပ်စုမှာ ကမ္ဘာ့အချမ်းသာဆုံးတိုင်းပြည်တွေထဲမှ တချို့ပါဝင်ပါတယ်။ ဖယ်ဒရယ်နိုင်ငံတွေရဲ့ ပျမ်းမျှတစ်ဦးချင်းဝင်ငွေ ဂျီဒီပီဟာ ခန့်မှန်းခြေဒေါ်လာ (၃၀၀၀)မျှဖြင့် တစ်ပြည်ထောင်နိုင်ငံတွေရဲ့ ပျမ်းမျှတစ်ဦးချင်းဝင်ငွေ ဂျီဒီပီထက် ပိုပါတယ်။

ဇယား(၃)- ၁၉၈၀ခုနှစ်များမှာ ဖယ်ဒရယ်အစိုးရနဲ့ တစ်ပြည်ထောင်အစိုးရတွေမှာရှိတဲ့ တစ်ဦးချင်းဝင်ငွေ ပြည်တွင်းအသားတင်ကုန်ထုတ်လုပ်မှုနဲ့ လူနည်းစုအရေး ပြေလည်အောင် စီမံနိုင်မှု

| **ပြေလည်အောင်စီမံပေးနိုင်ခြင်း အတိုင်းအတာများ** | ဒေါ်လာ ၆၀၀၀ထက်ပိုများ | | ဒေါ်လာ၆၀၀၀ အောက်လျော့နည်း | | ဒေါ်လာ၃၀၀၀ အောက်လျော့နည်း | |
|---|---|---|---|---|---|---|
| | ဖက်ဒရယ် | တစ်ပြည်ထောင် | ဖက်ဒရယ် | တစ်ပြည် ထောင် | ဖက်ဒရယ် | တစ်ပြည် ထောင် |
| လက်နက်ကိုင်တော်လှန်ခြင်း | 0.72 | 1.81 | 1.07 | 3.26 | 3.78 | 3.80 |
| နိုင်ငံရေးခွဲခြားအရခွဲခြားဆက်ဆံခြင်း | 0.84 | 1.50 | 2.19 | 2.22 | 2.25 | 2.14 |
| စီးပွားရေးအရခွဲခြားဆက်ဆံခြင်း | 0.76 | 1.83 | 2.20 | 2.09 | 2.17 | 1.85 |
| နိုင်ငံရေးအရ မကျေနပ်ချက်များ | 1.17 | 3.33 | 2.15 | 3.16 | 2.33 | 3.25 |
| စီးပွားရေးအရ မကျေနပ်ချက်များ | 1.32 | 3.22 | 3.45 | 2.51 | 2.29 | 2.56 |
| ယဉ်ကျေးမှုအရမကျေနပ်ချက်များ | 1.78 | 2.53 | 1.92 | 2.21 | 1.92 | 2.26 |

| | | | | | | |
|---|---|---|---|---|---|---|
| စောင့်ကြည့်လေ့လာမှု အရေအတွက် | 6 | 6 | 8 | 27 | 2 | 18 |

အရင်းအမြစ်။ ဇယား(၁)ကို ကြည့်ပါ။
မှတ်ချက်။ ဂျီဒီပီက ၁၉၈၀မှ ၁၉၈၉ထိ ပျမ်းမျှနှုန်းဖြစ်ပြီးတော့ ၁၉၈၅ နိုင်ငံတကာဈေးနှုန်းမှာရှိတဲ့ Purchasing Power Parity (PPP)အခိုပွါယ်သတ်မှတ်ချက်ဖြင့် တိုင်းတာပါတယ်။ ဒီပျမ်းမျှနှုန်းဟာ Penn World Tables အစီရင်ခံထားတဲ့ ထိုနှစ်များအတွက်ပဲဖြစ်ပါတယ်။

ကျွန်မတို့အထောက်အထားတွေကို ချမ်းသာကြွယ်ဝမှုဖြင့် အမျိုးအစားသုံးမျိုးခွဲလိုက်ခြင်းဟာ ကျွန်မတို့ဖယ်ဒရယ်ဝါဒရဲ့အကျိုးတရားတွေအကြောင်းကို စဉ်းစားဖို့ ကျွန်မတို့မှမ်းမံဖို့ကို ကူညီပေးပါတယ်။(အပေါ်ဇယား(၃)ကိုကြည့်ပါ။) တစ်ဦးချင်းဒေါ်လာ (၆၀၀၀)(သို့)အထက်ရဲ့ဂျီအန်ပီရှိတဲ့နိုင်ငံတွေအတွက် ဖယ်ဒရယ်နိုင်ငံတွေဟာ တိုင်းတာချက်အားလုံးပေါ်မှာ ညှိနှိုင်းပြေလည်မှုဟာ ပိုကောင်းပုံပေါ်ပါတယ်။ ဒါပေမဲ့ ကျွန်မတို့ဟာ ဒေါ်လာ(၆၀၀၀)အောက်သတ်မှတ်အဆင့်အောက်မှာရှိတဲ့ အထောက်အထားများကို ကြည့်တဲ့အခါမှာ ဖယ်ဒရယ်ရဲ့အကျိုးတရားများဟာ သိပ်မတူကြပါဘူး။ တစ်ပြည်ထောင်နိုင်ငံတွေဟာ စီးပွားရေးဆိုင်ရာခွဲခြားဆက်ဆံမှုနဲ့ စီးပွားရေးဆိုင်ရာမကျေနပ်ချက်တွေဖြစ်တဲ့ စီးပွားရေးလောကနဲ့တိုက်ရိုက်အသက်ဆိုင်ဆုံးဖြစ်တဲ့ ညှိနှိုင်းပြေလည်မှုရဲ့ ရှုထောင့်နှစ်ခုပေါ်မှာ ဖယ်ဒရယ်နိုင်ငံတွေထက်ရမှတ်ပိုမြင့်ပါတယ်။ အဆင်းရဲဆုံးနိုင်ငံတွေကြားမှာ တစ်ဦးချင်းဂျီဒီပီဟာ ဒေါ်လာ(၃၀၀၀)အောက်ကျဆင်းပါတယ်၊အဲ့ဒီဖယ်ဒရယ်နိုင်ငံတွေဟာ စီးပွားရေးနဲ့နိုင်ငံရေး ခွဲခြားဆက်ဆံခြင်းတွေနှစ်မျိုးလုံးမှာဖြင့် တစ်ပြည်ထောင်နိုင်ငံတွေအောက်ရမှတ်ပိုနိမ့်ပါတယ်။ ဒါကြောင့် ဖယ်ဒရယ်ဝါဒဟာ ဖွံ့ဖြိုးတိုးတက်မှုရဲ့တချို့အဆင့်မှာ ရှင်းရှင်းလင်းလင်း အကျိုးကျေးဇူးရှိပုံပေါ်ပေမဲ့ ထိုအဆင့်အောက်မှာ တစ်ပြည်ထောင်ဝါဒပေါ်မှာရှိတဲ့ ၎င်းရဲ့အကျိုးကျေးဇူးတွေဟာ ကွာခြားနိုင်ပါတယ်။

အဆင်းရဲဆုံးနိုင်ငံတွေအတွက်ဒေတာဟာ အထူးပြဿနာတွေဖြစ်သော်လည်း ဖယ်ဒရယ်ဝါဒဟာ တခြားအစိုးရပုံစံနဲ့လုပ်ငန်းစဉ်ရဲ့အမျိုးအစားတွေထဲမှာထက် တချို့အမျိုးအစားထဲမှာ ပိုအကျိုးကျေးဇူးပြုကောင်းပြုနိုင်တယ်ဆိုတာကို ဒီအထောက်အထားက ညွှန်ပြပါတယ်။ တကယ်ပါပဲ ကျွန်မတို့ဟာ ဘယ်အင်စတီကျူးရှင်းတွေမဆို ထင်ထင်ရှားရှားကွဲပြားတဲ့ ဆက်စပ်စဉ်းစားရမဲ့အခြေအနေတွေအသီးသီးမှ တူညီတဲ့အကျိုးတရားတွေရရှိဖို့ မမျှော်လင့်သင့်ပါဘူး။ ဖယ်ဒရယ်ဝါဒဟာ လူအများစု(သို့)အများသဘောဆန္ဒပုံစံတွေကို ယူနိုင်တဲ့ အင်စတီကျူးရှင်းတွေတစ်စုလုံးပါဝင်ပြီး ၎င်းအကျိုးတရားတွေထဲမှာ အထူးပြောင်းလဲခြားနားနိုင်ဖွယ်ရှိပါတယ်။

ဖယ်ဒရယ်ဝါဒဟာ ချမ်းသာတဲ့နိုင်ငံတွေမှာထက် ဆင်းရဲတဲ့နိုင်ငံတွေမှာ အကျိုးမဖြစ်ထွန်းသလောက်ပဲဖြစ်မယ်ဆိုတာကို ညွှန်ပြဖို့ ဖွံ့ဖြိုးဆဲကမ္ဘာမှာရှိတဲ့ ပိုင်နက်နယ်မြေကွဲအက်ကြောင်းများကို စီမံခန့်ခွဲခြင်းရဲ့နည်းလမ်းများအနေနဲ့ ဖယ်ဒရယ်ဝါဒကို ကန့်ကွက်ဆွေးနွေးလို့မရပါဘူး။ နောက်ပိုင်းဆွေးနွေးမှုကို လုပ်ဖို့ ကျွန်မတို့ဟာ တခြားဖြေရှင်းတဲ့ယန္တရားတွေဟာ ပိုအကျိုးဖြစ်ထွန်းတယ်ဆိုတာကို

ပုံခိုင်းနှိုင်းရပါလိမ့်မယ်။ ပိုင်နက်နယ်မြေကွဲအက်ကြောင်းကို ဖြေရှင်းခြင်းရဲ့တခြားနည်းလမ်းတွေက ဘယ်လောက်ထိတိုင်းတာလို့ရမလဲ။

## ဖယ်ဒရယ်မူပြုခြင်းနှင့် အခြားမူဝါဒဆိုင်ရာ ရွေးချယ်စရာများ

ဖယ်ဒရယ်ဝါဒဟာ မူဝါဒချမှတ်တဲ့ အင်စတီကျူးရှင်းတစ်စုံလုံးကို ဖော်ပြစဉ်အတွင်းအမှာ ဖယ်ဒရယ်မူပြုခြင်းဟာ ဒီအင်စတီကျူးရှင်းတွေကို တည်ဆောက်ခြင်းရဲ့လုပ်ငန်းစဉ်တစ်ခုဖြစ်ပါတယ်။ ဒါကြောင့် ပင်ကိုအားဖြင့် မူဝါဒသာဖြစ်ပြီးတော့ မှန်မှန်ကန်ကန်အကဲဖြတ်ဖို့ တခြားမူဝါဒတွေနဲ့ နှိုင်းယှဉ်ရပါမယ်။ ဖယ်ဒရယ်မူပြုခြင်းဟာ(ဒေသများအတွက်(သို့မဟုတ်) နိုင်ငံများတစ်ခုလုံးအတွက်) ငင်းဝေဖန်သူတွေ ထင်သလိုအန္တရာယ်များတာလဲမဟုတ်သလို ငင်းမှခြားနားတဲ့လူတွေထင်သလို စရိတ်စကကြီးမားတာလဲမဟုတ်ပါဘူး။
ခက်ခဲပြီးပိုင်နက်နယ်မြေအခြေပြုထားတဲ့ ကွဲအက်ကြောင်းတွေနဲ့ ရင်ဆိုင်နေရတဲ့ ခေါင်းဆောင်တွေမှာ အဓိကရွေးစရာမူဝါဒလေးခုရှိပါတယ်။ဒါ့အပြင် ဘာတစ်ခုမှမလုပ်ခြင်း(သို့မဟုတ်) ငြိမ်းချမ်းတဲ့ခွဲထွက်ခြင်းကိုခွင့်ပြုခြင်းဆိုတဲ့ အစွန်းရောက်မှုနှစ်ခုလည်းရှိပါတယ်။ အဓိကရွေးစရာမူဝါဒလေးခုကတော့ လက်သင့်ခံခြင်း၊ ငွေကြေးထောက်ပံ့ပေးခြင်း၊ ပါတီအခြေပြုပေါင်းစပ်ခြင်းနဲ့ အကျပ်ကိုင်ခြင်းတို့ဖြစ်ပါတယ်။

အထူးသဖြင့် ကွဲပြားခြားနားမှုတွေက အခြေအနေတွေကို ပိုဆိုးအောင်ဖြစ်စေခဲ့ပြီးနောက်မှာ လက်သင့်ခံခြင်းဟာ အထောက်အထားအများစုမှာ လက်တွေ့ကျတဲ့ ရွေးချယ်စရာတော့မဟုတ်ပါဘူး။ လက်သင့်ခံခြင်းလိုအပ်တဲ့ မျိုးမတူဇာတ်ခြားသူနဲ့လက်ထပ်ခြင်းနဲ့ အတူတကွရောနှောနေထိုင်ခြင်းအတွက် ဒေသလူမှုဖွဲ့စည်းတည်ဆောက်ပုံတွေက ခွင့်ပြုရင်ခဲ့တောင် အချိန်အများကြီးယူရမှာပါ။ လူမျိုးစုအုပ်စုတွေကိုပြည့်ပြည့်ဝဝလက်သင့်ခံဖို့ဟာ နှစ်ပေါင်း ၃၀၀နဲ့၇၀၀ကြားလိုအပ်တယ်လို့ ကာရ်လ်းဒရှ်က ခန့်မှန်းထားပါတယ်။၉ အခြေအနေတွေကို ပိုဆိုးစေဖို့ လုပ်ငန်းစဉ်အောင်မြင်လိမ့်မလားဆိုတာတော့ ကျွန်မတို့ ဘယ်တော့မှမသေချာပါဘူး။ ပညာရှင်တွေက လူမျိုးစုကွဲပြားမှုဒီဂရီနဲ့ လူမျိုးစုပဋိပက္ခပျံ့နှံ့မှုကြားမှ ဆက်နွှယ်မှုကို စတင်မေးခွန်းထုတ်နေကြပါတယ်။ ဒန်နီအယ် ထရက်စ်မန်းက ရုရှားမှာ လူမျိုးစုကွဲပြားမှုနဲ့ ခွဲထုတ်ရေးလှုပ်ရှားမှုကြားမှာ ဘာဆက်နွှယ်မှုမှ မတွေ့ရှိခဲ့ရဘဲ နိုင်ငံဖြတ်ကျော်ကျယ်ကျယ်ပြန့်ပြန့်လေ့လာမှုက ဘာသာစကား(သို့)ဘာသာရေးကွဲပြားမှုက လူမျိုးစုအကြမ်းဖက်မှုကို ကြိုတင်ခန့်မှန်းလို့မရဘူးဆိုတာကို တွေ့ရှိခဲ့ပါတယ်။၁၀ လူမျိုးစုပဋိပက္ခဟာ ပင်ကိုအားဖြင့် လူမှုဗေဒဆိုင်ရာကွဲပြားမှုထက် ပေါင်းသင်းဆက်ဆံရေးဘဝရဲ့ အစီအစဉ်နဲ့ ပိုနီးနီးကပ်ကပ် ပတ်သက်တယ်ဆိုတာကို အိန္ဒိယအပေါ်မှာ အာရှပ်တောရ် ဗာရှနေရဲ့ လက်ရာကတော့ ပုံခိုင်းနှိုင်းပြထားပါတယ်။ပြီးတော့ ၁၉၉၀နှစ်များမှာ ခွဲထွက်ရေးလှုပ်ရှားမှုတွေဟာ ငင်းတို့အိမ်ရှင်နိုင်ငံတွေနဲ့ မဆိုစလောက် လူမျိုးစုကွဲပြားမှုရှိတဲ့ အုပ်စုတွေမှ ပိုပြီးပေါ်ထွက်လာနိုင်ဖွယ်ရှိတယ်ဆိုတာကို စတီဖန်စက်ဒီမန်နဲ့အာဝီလီယမ် အာရဲစ်တို့ရဲ့နိုင်ငံဖြတ်ကျော်လေ့လာမှုက တွေ့ရှိခဲ့ပါတယ်။
ငွေကြေးထောက်ပံ့ပေးခြင်းဟာ ဗဟိုခေါင်းဆောင်တွေက ပိုင်နက်နယ်မြေကွဲအက်ကြောင်းပေါ် အခြေခံတဲ့ပဋိပက္ခတွေ လျော့ကျဖို့အသုံးပြုကောင်းပြုနိုင်မယ့် နောက်ထပ်မူဝါဒတစ်ခုဖြစ်ပေမဲ့ ဒီမူဝါဒဟာလည်း ပြဿနာတွေပြည့်နေပါတယ်။ ပထမဆုံးနဲ့ အရှင်းဆုံးဆိုရရင် နိုင်ငံတော်အများစုဟာ ဒုက္ခရောက်တဲ့ဒေသများကို သင့်တော်ရုံငွေကြေးလွှဲပြောင်းအတွက်ပင် လိုအပ်တဲ့ ရန်ပုံငွေများ ရှိချင်မှရှိမယ်။ ဒုတိယက ရန်ပုံငွေ ရနိုင်ရင်တောင်မှ လူမျိုးစုပဋိပက္ခက သိပ်ရှေ့ရောက်ရင် ဗဟိုမှာရှိတဲ့ အထက်တန်းလွှာတွေအများစုက

ဘာရန်ပုံငွေမှကိုလွှဲပြောင်း ခွဲဝေချင်မှာမဟုတ်ပါဘူး။ တတိယက ခေါင်းဆောင်တွေက ရန်ပုံငွေလွှဲပေးခြင်းအကျိုးတရားတွေက ဘာတွေဖြစ်လိမ့်မလဲဆိုတာ သေသေချာချာမသိနိုင်ပါဘူး။ ဗဟိုအစိုးရတွေမှပိုဆင်းရဲတဲ့အစွန်အဖျားပိုင်းဆီ ရန်ပုံငွေလွှဲပေးခြင်းဟာ အပေါင်းလက္ခဏာဆောင်ပြီး၊ပဋိပက္ခတွေကို လျော့ချတဲ့အကျိုးတရားတွေရှိကောင်းရှိမှာပါ၊ဒါမှမဟုတ် မရည်ရွယ်ထားတဲ့ အကျိုးဆက်တွေရှိကောင်းရှိမှာပါ။ တောင်ပိုင်းအိုင်ယာလန်မှာရှိတဲ့ကက်သလစ်တွေကို ဗြိတိန်ဓနသဟာယနိုင်ငံရဲ့ရန်ပုံငွေလွှဲပြောင်း အစီအစဉ်က စည်းရုံးသိမ်းသွင်းလို့မရခဲ့ပါဘူး။ပြီးတော့ ကော်စီကန်ကျွန်းနိုင်ငံဟာ တိုင်းပြည်ထဲမှာရှိတဲ့ တခြားဘယ်ဒေသမဆိုထက် ပြင်သစ်မှ တစ်ဦးချင်းရန်ပုံငွေလွှဲပေးခြင်း ပိုမိုရရှိတယ်ဆိုတဲ့အချက်ရှိသော်လည်း ပြင်သစ်ကို ကော်စီကန်သစ္စာခံမှုဟာ ပြဿနာရှိနေတုန်းပါပဲ။ အရှေ့ဥရောပမှာ ဖွံ့ဖြိုးရေးအစီအစဉ်တွေက ဗဟိုအစိုးရနဲ့ ဆိုဗီယက်အုပ်စုနှစ်မျိုးစလုံးကို ဒေသတွင်းသစ္စာခံမှုတွေ အားကောင်းလာလိမ့်မယ်လို့ ဆိုဗီယက်ဟာ မျှော်လင့်ခဲ့ပေမဲ့ ၎င်းတို့မျှော်လင့်ချက်တွေဟာ သိရသရွေ့တော့ အချည်းအနှီးဖြစ်ခဲ့ပါတယ်။[၁၂] ဖွံ့ဖြိုးဆဲနိုင်ငံတွေကို နိုင်ငံဖြတ်ကျော်လေ့လာပြီးနောက် ဒေါ်နယ်ဒ် ဟောရိုဝတ်စ်က ကောက်ချက်ချစဉ်မှာ ပိုချမ်းသာကြွယ်ဝတဲ့ဒေသများနဲ့ဆက်ဆံခြင်းမှ အကျိုးအမြတ်ရရှိတဲ့ ဆင်းရဲတဲ့ဒေသက အစီအစဉ်ကို အဆုံးသတ်ချင်ခဲ့တယ်ဆိုတာက ဝိရောဓိသဘောဆောင်ပုံပေါ်ပါတယ်။ ဒါပေမဲ့ အလိုဆန္ဒကတော့ ထပ်တလဲလဲပေါ်နေမှာပါ

ဒေသအခြေခံ ကွဲပြဲခြင်း ကိုင်တွယ်ဖြေရှင်းခြင်းရဲ့တတိယနည်းလမ်းက နိုင်ငံတော်နိုင်ငံရေးပါတီများထဲ လူနည်းစုကိုထည့်သွင်းခြင်းမှတဆင့်ဆောင်ရွက်ရမှာပါ။ ဒီယန္တရားက နိုင်ငံတွေရဲ့ကျယ်ပြန့်တဲ့အတိုင်းအတာထဲမှာ အချိန်ကာလအတန်ကြာကြာ အောင်မြင်သွားပါတယ်။စကော့တလန်နိုင်ငံရေးအထက်တန်းလွှာတွေဟာ ဗြိတိန်နိုင်ငံရေးပါတီရဲ့ အမြင့်ဆုံးရာထူးတွေထဲထည့်သွင်းထားတဲ့ ကာလအတွင်း ဗြိတိန်မှာ စကော့တလန်မဟုတ်တဲ့သူတွေက စကော့တလန်ကို စီမံခန့်ခွဲတာရှားပါးပြီးတော့ ဆန္ဒမဲမနိုင်ခဲ့တဲ့ ပါတီက အုပ်ချုပ်တာရှားပါးပါတယ်။[၁၃] အိန္ဒိယရဲ့ကွဲပြားလွန်းတဲ့အထောက်အထားထဲမှာ ပိုင်နက်နယ်မြေကွဲပြားမှုတွေနဲ့ပတ်သတ်ပြီးနေရာပေးမှုကို လူမျိုးရေးအရ လူကြိုက်များပြီး လူမျိုးစုံပါဝင်မှုမှာမြင့်မားတဲ့ ကွန်ဂရက်ပါတီက ကြီးကြီးမားမားလွယ်ကူချောမောစေခဲ့ပါတယ်။ မလေးရှားမှာ တရုတ်နဲ့မလေးကြားမှာ နက်ရှိုင်းပြင်းထန်တဲ့ကွဲပြားခြင်းဟာ လွတ်လပ်ရေးရချိန်မှာ ပြည်တွင်းစစ်ရဲ့ပြင်းထန်တဲ့ဘေးအန္တရာယ်ကို ပေါ်ပေါက်စေရာမှ မဟာမိတ်ပါတီဖွဲ့စည်းခဲ့တဲ့ လူမျိုးစုအချင်းချင်းညွှန့်ပေါင်းဖွဲ့စည်းခြင်းဟာ လူမျိုးစုငြိမ်းချမ်းရေးရဲ့ဆယ်စုနှစ်များကြာအောင် အာမခံပံ့ပိုးကူညီပေးခဲ့ပါတယ်။

ဒါပေမဲ့ နိုင်ငံရေးပါတီများမှတဆင့်သာသိမ်းသွင်းခြင်းဟာ ခက်ခဲမှုနဲ့အန္တရာယ်များမှုနှစ်မျိုးလုံးရှိပါတယ်။ ဘယ်ပါတီအမျိုးအစားမဆို ရေရှည်တည်ရှိဖို့ဆိုတာ ဖြစ်ပေါ်ဖို့ ခက်ခက်ခဲခဲဆိုးဆိုးရွားရွားဖြစ်ပြီးတော့ လူမျိုးစုအချင်းချင်းမဟာမိတ်ဖွဲ့မှု့တွေဟာ ကိုလိုနီနိုင်ငံကို လွတ်လပ်ရေးပေးခြင်း(သို့မဟုတ်) အစိုးရပြောင်းလဲခြင်းလိုမျိုး အရေးကိစ္စတွေကြားမှာ အရေးပါတဲ့လှုပ်ရှားမှုတွေကို ရှောင်ပြီး ခိုင်မာအောက်ကြိုးပမ်းဖို့ အထူးခက်ခဲပါတယ်။ ဒုက္ခတွင်းကျနေတဲ့နိုင်ငံအများစုမှာ လူမျိုးစုံပါတီဖွဲ့စည်းခြင်းအတွက်အချိန်ကာလဟာ ကုန်လွန်နိုင်ဖွယ်ရှိပါတယ်။ ပါတီဖွဲ့စည်းခြင်းအဟန့်အတားတွေကို ကျော်လွန်ခဲ့ရင်တောင်မှ လူမျိုးစုံပါတီတွေဟာ ပိုပြီးလူမျိုးတူတဲ့အုပ်စုတွေဆီသို့ အာဏာကိုအမြဲတမ်း လက်လွှတ်ပေးရလိုက်နိုင်ပါတယ်။ သက်ချာထောက်ခံတဲ့ ကွန်ဆာဗေးတစ်ပါတီဝင်များရွေးကောက်ပွဲဟာ စကော့တလန်မှာ ပြန်ချက်ပြောင်းလဲခဲ့ပြီး စကော့တလန်အမျိုးသားရေးဝါဒီများကို ကြီးမားတဲ့အားပေးမှုကို ပေးခဲ့ပါတယ်။ အိန္ဒိယမှာ

ကွန်ဂရက်ပါတီကိုထောက်ခံမှုလျော့ပါးလာခြင်းဟာ ဗဟိုမှာမလုံခြုံမှုအသစ်ကိုဖြစ်ပေါ်စေခဲ့ပြီး၊ အသစ်နေရာပေးမှုဖော်မြူလာအစိတ်အပိုင်းအနေနဲ့ အိန္ဒိရာဂန္ဒီကို စစ်တပ်အသုံးပြုဖို့ ဦးတည်စေခဲ့ပါတယ်။ နိုင်ငံတစ်နိုင်ငံရဲ့ညှိနှိုင်းပြေလည်မှုဖော်မြူလာက သီးခြားပါတီ အစီအစဉ်စနစ်ပေါ်မှာမှီတည်တယ်ဆိုရင် အောင်မြင်မှုအမြစ်တွေဟာ တစ်ခုတည်းသောရွေးကောက်ပွဲမှာ ခြောက်သွေ့ညှိုးနွမ်းသွားနိုင်ပါတယ်။

၎င်းရဲ့ချို့ယွင်းချက်တွေက ဘာတွေဘဲဖြစ်ဖြစ် ပါတီတွေမှတဆင့် သိမ်းသွင်းခြင်းဟာ အကျပ်ကိုင်မှုထက်ပိုပြီးသာလွန်ပါတယ်။ ညှိနှိုင်းပြေလည်မှုရဲ့ ဒီလေးခုမြောက်နည်းလမ်းကတော့ ကျင့်ဝတ်ရှုထောင့်မှဆိုရင် ပြစ်တင်ရှုတ်ချထိုက်ရုံမက အမြဲတမ်းလည်းထိရောက်မှုမရှိပါဘူး။သီရိလင်္ကာမှာ တမီလ်နယ်မြေတွေကို လက်နက်ကိုင်သိမ်းယူခြင်း၊ အထင်ကရနေရာကို ဗုဒ္ဓဘာသာကို ပေးထားတဲ့ ဖွဲ့စည်းပုံနဲ့ အရည်းအချင်းမှီတဲ့တမီလ်တွေကို အဆင့်မြင့်ပညာရေးမှ ဖယ်ထုတ်ထားတဲ့ စာမေးပွဲစနစ်က ခွဲထွက်ရေးအဖွဲ့အစည်းများအတွက် တပ်သားသစ်စုဆောင်းခြင်းရဲ့မျိုးဆက်သစ်တစ်ဝက်လောက်ကို ဖန်တီးဖြစ်ပေါ်စေပါတယ်။၁၆ တူရကီမှာ ပစ္စည်းဥစ္စာသိမ်းယူခြင်း၊ အင်အားသုံးမှုပေါ်မကျေနပ်ချက်နဲ့ လေကြောင်းတိုက်ခိုက်မှုတို့က ၁၉၆၀နှစ်များမှာ ပေါ်လာခဲ့တဲ့ကာရ်ဒစ်ရှ်အမျိုးသားရေးလှုပ်ရှားရဲ့မျိုးစေ့ကို ဖန်တီးစေခဲ့ပါတယ်။ မက္ကဆီကိုမှာ ၁၉၈၀နှစ်များ ချီအာပါစ်မှာ ငြိမ်းချမ်းစွာဆန္ဒပြတဲ့လယ်သမားလှုပ်ရှားမှုကို ပြင်းထန်တဲ့ဖိနှိပ်မှုဟာ ၁၉၉၀နှစ်များ လက်နက်ကိုင်တော်လှန်ရေးလှုပ်ရှားမှုအတွက် အုတ်မြစ်ကို ချပေးခဲ့ပါတယ်။ စက်မှုဖွံ့ဖြိုးပြီးလူ့အဖွဲ့အစည်းတွေထဲမှာ အင်အားဟာ မကွဲပြားပါဘူး။ စန့်ဖိန်းအတွက် တစ်ခဲနက်ထောက်ခံမှုနဲ့ အိုင်အာအေအတွက် တပ်သားသစ်အလွယ်စုဆောင်းမှုတို့ကို မြောက်အိုင်ယာလန်မှာ မာဂရက်သက်ချာရဲ့ တင်းကျပ်တဲ့မူဝါဒက အထောက်အပံ့ပေးခဲ့ပါတယ်။

အကျပ်ကိုင်မှုရဲ့ရေရှည်ကုန်ကျစရိတ်များဟာ အမြဲတမ်းနီးပါး ၎င်းတို့အပြစ်လုပ်သူတွေ သိမြင်နားလည်တာထက် အနုတ်လက္ခဏာပိုဆောင်ပြီး၊ရေရှည်ပိုခံပါတယ်။ အခုတောင်မှ ရေတိုကုန်ကျစရိတ်တွေဟာ မပြောပလောက်စရာမှ အလှမ်းကွာပါတယ်။ ဘဝတွေဆုံးရှုံးတဲ့အပြင် ဘဏ္ဍာရေးကုန်ကျစရိတ်တွေက သိသာပြီးတော့ ပစ်မှတ်ထားခံထားရတဲ့ လူနည်းစုဟာ နိုင်ငံခြားထောက်ပံ့မှုရရင် ကုန်ကျစရိတ်တွေဟာ တစ်ဟုန်ထိုးတက်သွားနိုင်ပါတယ်။ ဒါ့အပြင် အကျပ်ကိုင်မှုရဲ့ အင်စတီကျူးရှင်းဆိုင်ရာကုန်ကျစရိတ်တွေဟာ ပိုပြီးတော့တောင်မြင့်တက်နိုင်ပါတယ်။ တိုက်ပွဲဝင်စစ်သည်တွေမဟုတ်သူတွေနဲ့ တိုက်ခိုက်ခြင်းဟာ စစ်ရေဆိုင်ရာအင်စတီကျူးရှင်းတွေကို တင်းမာစေခဲ့ပါတယ်။ စစ်သားတွေ(သို့မဟုတ်)အရာရှိတွေဟာ လူမျိုးစုစစ်ပွဲတွေကို မတရားမှု(သို့မဟုတ်) မနိုင်နိုင်မှုအဖြစ် မြင်လာကြမယ်ဆိုရင် စစ်ရေးနဲ့နိုင်ငံရေးအထက်တန်းလွှာတွေဟာ အပြန်အလှန် ရန်လိုမှုကြီးထွားလာဖွယ်ရှိပါတယ်။ ဒီလိုရန်ငြိုးရဲ့အန္တရာယ်တွေဟာ အသေးစိတ်ရှင်းလင်းဖို့မလိုပါဘူး။

## ဖက်ဒရယ်စနစ်ရဲ့ အမှန်တကယ်ဖြစ်သော အကျိုးသက်ရောက်မှုနှင့် စိတ်ကူးမျှော်မှန်းထားသော အကျိုးသက်ရောက်မှု

ဖယ်ဒရယ်ဝါဒကိုကျင့်သုံးခြင်းဟာ ငွေကြေးထောက်ပံ့ပေးခြင်း(သို့မဟုတ်)ပါတီအခြေပြုသိမ်းသွင်းခြင်း တို့ကို ဟန့်တားပိတ်ပင်ဖို့မလိုပါဘူး၊ဒါပေမဲ့ ဖယ်ဒရယ်မူပြုခြင်းကိုယ်၌ကပင် အတော်လေးကိုနှစ်လိုဖွယ်ကောင်းတဲ့ရွေးချယ်မှုတစ်ခု ဖြစ်နိုင်ပါတယ်။ တစ်စိတ်တစ်ပိုင်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ကိုပင် ပေးခြင်းဟာ အကြမ်းဖက်ခြင်းနဲ့ ခွဲထွက်ခြင်းတို့ကို အားပေးလိမ့်မယ်ဆိုတာကို ဗဟိုမှာရှိတဲ့အထက်တန်းလွှာတွေဟာ မကြာမကြာစိုးရိမ်သော်လည်း

ဒီလိုစိုးရိမ်မှုတွေကို မှန်ကြောင်းသက်သေပြတာရှားပါတယ်။ စပိန်နဲ့ဘယ်ဂျီယာမ်မှာ ဖယ်ဒရယ်မှုပြုခြင်းဟာ သီးသန့်ကိုယ်ပိုင်လက္ခဏာပြုခြင်းတိုးတက်လာမှုကို ထိန်းချုပ်ထားပြီး ခွဲထွက်ရေးဝါဒအတွက် အားပေးမှုကို ပိတ်ဆို့ဟန့်တားထားပါတယ်။၁၈ ဘာဘဲဖြစ်ဖြစ် အောင်မြင်တဲ့ခွဲထွက်ရေးလှုပ်ရှားမှုတွေဟာ အလွန့်အလွန်ရှားပါတယ်။ ရုရှားဖယ်ဒရေးရှင်းရဲ့ အတွေ့အကြုံက လက်တွေ့ပြသလိုမျိုး၊ဒေသတွင်းအထက်တန်းလွှာတွေက လျော့ပြီးတစုံတရာကို လက်ခံရတဲ့အခါမှာ ခွဲထွက်ဖို့ကို မကြာခဏနိမိတ်ပြပါတယ်။ ဘာဘဲဖြစ်ဖြစ် ခွဲထွက်ရေးဝါဒီလို့ သူတို့ကိုယ်သူတို့ ဖော်ပြတဲ့လူတွေအတွက်တောင်မှ ခွဲထွက်ရေးဝါဒီ သတ်မှတ်ချက်မှာ အဓိပ္ပါယ်များစွာရှိပါတယ်။ ကော်စီကန်ခွဲထွက်ရေးဝါဒီများလူနည်းစုလေးကသာ ပြင်သစ်မှ လုံးဝလွတ်လပ်ရေးကို လိုချင်ပါတယ်။ ကွီဘက်မှာ မကြာသေးမီကမှခွဲထွက်ရေးဆန္ဒခံယူပွဲမှာ ကနေဒါနဲ့ဆက်လက်ဆက်ဆံရေးဆိုတဲ့ စကားရပ်တစ်ခုကို ထည့်ရလောက်အောင် ခွဲထွက်ရေးဝါဒီအများစုက ကနေဒါနဲ့ဆက်လက်ဆက်ဆံဖို့ ကြိုးစားခဲ့ကြပါတယ်။

သမိုင်းကြောင်းအရ ဗဟိုခေါင်းဆောင်တွေဟာ မကျေနပ်တဲ့ဒေသတွေကို ကိုယ်ပိုင်အုပ်ချုပ်ခွင့်တိုးပေးတဲ့အခါမှ မတည်ငြိမ်မှုထက် ငြိမ်းချမ်းရေးအကျိုးကို သူတို့ဟာအမြဲတမ်းခံစားရပါတယ်။ အိန္ဒိယမှာ တမီလ်အမျိုးသားရေးဝါဒီများက ၁၉၅၀နှစ်များအစောပိုင်းမှာ လှုံ့ဆော်စည်းရုံးတဲ့အခါမှာ နယူးဒေလီမှာရှိတဲ့ နိုင်ငံရေးဇာတ်ကောင်အများစုဟာ ခွဲထွက်ခြင်းကို စိုးရိမ်ကြပြီး၊ ဖိနှိပ်ဖို့ကို ထောက်ခံခဲ့ကြပါတယ်။ ဂျာဝါဟာလာနေရူးက အဲ့ဒီ့အစား တမီလ်တွေကို ပြည်နယ်ခွဲထွက်ဖို့ပေးလိုက်တဲ့အခါမှာ ခွဲထွက်ရေးတောင်းဆိုမှုဟာ တဖြည်းဖြည်းနဲ့ပျောက်သွားခဲ့ပါတယ်။ အိန္ဒရာဂန္ဒီက အလျှော့ပေးမှုတွေကို ငြင်းပယ်ခဲ့ပြီး၊ စစ်တပ်နဲ့ အောင်နိုင်ဖို့ကြိုးစားခဲ့တဲ့အခါမှာ ပန်ဂျက်ဘ်မှာ ဆစ်ခ်ခွဲထွက်ရေးပုန်ကန်မှုဟာ နှစ်ပေါင်းများစွာကြာညောင်းခဲ့ပါတယ်။ ဗဟိုအစိုးရသစ်ဟာ ရွေးကောက်ပွဲကို အစီစဉ်တကျ ခွင့်ပြုတဲ့အခါမှာ အဓိကဆစ်ခ်နိုင်ငံရေးပါတီဟာ အာဏာရလာပြီး၊ ဆစ်ခ်ခွဲထွက်ရေးဝါဒဟာ မြင်ကွင်းမှပျောက်အောင် ဖိအားပေးခံခဲ့ရပါတယ်။၁၉ နိုက်ဂျီးရီးယာမှာ နိုက်ဂျာမြစ်ဝကျွန်းပေါ်မှာပြည်သူတွေကို အလျှော့ပေးမှုတွေက ၁၉၆၆မှာ နိုက်ဂျီးရီးယားရဲ့ ပထမဆုံးအကြမ်းဖက်ခွဲထွက်ရေးလှုံ့ဆော်ချက်ကို အဆုံးသတ်ခဲ့ပြီး ခွဲထွက်ရေးဝါဒီဟောင်းများကို နောက်ပိုင်းလှုပ်ရှားမှုတွေမှာ ဗဟိုအစိုးရဘက်ဆီတောင် ရောက်ရှိသွားစေခဲ့ပါတယ်။ ဝီလီယမ် ဇာတမန်က ၎င်းကို လိုက်ဖက်စွာ ထားထားတာကြောင့် တာဝန်ယူခြင်းဟာ တောင်းဆိုမှုတွေကို လျှော့ကျစေပါတယ်။

ခွဲထွက်ရေးလှုပ်ရှားမှုတွေဟာ အလျှော့ပေးမှုတွေထက် ခြိမ်းခြောက်မှုနောက်တွဲတွေ မကြာခဏပိုဖြစ်တက်တယ်ဆိုတာကို တရားသေ သဘောထားတင်းမာသူတွေ သတိရသင့်ပါတယ်။ နိုင်ငံတော်ဘာသာစကားတစ်ခုတည်းကို အတင်းကျပ်ပြဋ္ဌာန်းထားခြင်းဟာ စပိန်နဲ့ဆူဒန်မှာ ပြောင်းလဲခဲ့သလိုမျိုး နိုင်ငံတွေမှာ ခွဲထွက်ရေးလှုပ်ရှားမှုတွေကို မြင့်တက်စေခဲ့ပါတယ်။ နိုင်ငံတော်ဘာသာပြဋ္ဌာန်းခြင်းရဲ့ခြိမ်းခြောက်မှုဟာ ဗမာမှာ ခွဲထွက်ရေးဝါဒကို မြင့်တက်စေခဲ့ပါတယ်။ တမီလ်ဆန့်ကျင့်ရေး အဓိကရုဏ်းနဲ့ အလုပ်ခန့်ခြင်းအလေ့အထတွေရဲ့ ဘဝတွေနဲ့အသက်မွေးမှုတို့ကို ခြိမ်းခြောက်မှုတွေဟာ သီရိလင်္ကာမှာ ခွဲထွက်ရေးအုပ်စုများကို မြင့်တက်စေခဲ့ပါတယ်။

အများအားဖြင့် ဖယ်ဒရယ်ဝါဒကိုယ်၌ကပင် ဖယ်ဒရယ်တည်ဆောက်ဖို့ ခွဲထွက်ရေးကို လှုံ့ဆော်တယ်ဆိုတဲ့ ငြင်းချက်တစ်ခုရှိပါတယ်။ သီရိလင်္ကာမှာ တမီလ်တွေဟာ ဖယ်ဒရယ်မှုပြုခြင်းကို ငြင်းဆန်ပြီးနောက် ၁၉၇၆မှာသာ အကြမ်းဖက်ခွဲထွက်ရေးလှုပ်ရှားမှုကို စတင်ထောက်ခံခဲ့ကြပါတယ်။ တောင်းဆိုချက်တွေကျဆုံးပြီးနောက်မှသာ

တောင်ဆူဒန်သားများဟာလည်း ခွဲထွက်ရေးဝါဒကို လက်ခံယုံကြည်ခဲ့ကြတာပါ။ ၁၉၆၀နှစ်များအစောပိုင်းမှာ အီရတ်ထရီအန်တွေက စခဲ့တဲ့ လက်နက်ကိုင်လွတ်မြောက်ရေးလှုပ်ရှားမှုကို ဖြောင်ကျကျအကြမ်းဖက်ခြင်းနဲ့ ဖယ်ဒရယ်သဘောတူညီချက်တွေနောက်ဆုံးမှာဖျက်သိမ်းခြင်းတွေကဖြစ်ပေါ်စေခဲ့ပါတယ်။

ဇယား(၄)- နှစ်ဆယ်ရာစုအတွင်း ကွန်မြူနစ်လွန်အစိုးရများပြင်ပ မအောင်မြင်ခဲ့သည့် ဖက်ဒရယ်စနစ် နိုင်ငံများ

| ဖယ်ဒရယ်နိုင်ငံ | ပြည်ပဖိအား | တည်တံ့မှုသက်တမ်း | ပြိုကွဲခြင်း |
|---|---|---|---|
| ဗြိတိသျှအနောက်အန်ဒီစ်ဖယ်ဒရယ်နိုင်ငံ | ဗြိတိန် | ၁၉၅၈-၆၂ | ငြိမ်းချမ်းစွာ |
| ဗြိတိသျှ ဗဟိုအာဖရိကန်ဖယ်ဒရယ်နိုင်ငံ | ဗြိတိန် | ၁၉၅၃-၆၃ | အဓိကရုဏ်းဖြစ်ခြင်း |
| ဗမာ | ဗြိတိန် | ၁၉၅၃-၆၂ | လက်နက်ကိုင်တော်လှန်ရေး/စစ်အာဏာသိမ်းမှု |
| ကန်မရွန်း | ဗြိတိန် | ၁၉၆၁-၇၂ | သမ္မတအာဟီဒယွတ်ဟာ ဖယ်ဒရယ်နိုင်ငံကို တစ်ဖက်သတ်ဖျက်သိမ်းခဲ့ပါတယ်။ |
| ကွန်ဂို | ဘယ်ဂျီယမ် | ဇွန်-၁၉၆၀-စက်တင်ဘာ ၁၉၆၀ | ဗိုလ်မှူးကြီး မိုဘိုတိုဟာ အာဏာသိမ်း |
| အီသီအိုးပီးယား | ကုလသမဂ္ဂ ဆုံးဖြတ်ချက် ၁၉၅၂-၆၂ | ၁၉၅၂-၁၉၆၂ | ကေရာဇ်ဟာ ဗဟိုချုပ်ကိုင်မှုလုပ်ပြီးနောက် အီရတ်ထရီအန်ပြည်တွင်းစစ် |
| အင်ဒိုနီးရှား | နယ်သာလန် | ၁၉၄၉-၅၀ | စူကာနိုက တစ်ပြည်ထောင်သမ္မတနိုင်ငံတော်ကို ကြေငြာခဲ့ပါတယ်။ |
| လစ်ဗျား | မဟာမိတ်/ကုလသမဂ္ဂ | ၁၉၅၁-၆၃ | ဝန်ကြီးချုပ်ဖာကီမီ/ဘုရင်အိုင်ဒရစ်တို့က ဖယ်ဒရယ်နိုင်ငံတော်ကို ဖျက်သိမ်းခဲ့ပါတယ်။ |
| မာလီဖယ်ဒရယ်နိုင်ငံ | ပြင်သစ် | ၁၉၅၉-၆၀ | ပြင်သစ် ဆူဒန်(မာလီ)ဟာ ဗဟိုချုပ်ကိုင်မှုလုပ်ဖို့ကြိုးစားခဲ့တယ်။ ဆီနီကောက နုတ်ထွက်ခဲ့ပါတယ်။ |
| မလေးရှား-စင်္ကာပူ | ဗြိတိန် | ၁၉၆၃-၆၅ | အဓိကရုဏ်းဖြစ်ခြင်း/စင်္ကာပူကိုထုတ်ပစ်ခြင်း |
| ပါကစ္စတန် | ဗြိတိန် | ၁၉၄၇-၇၁ | ပြည်တွင်းစစ်/ဘင်္ဂလားဒေ့ရှ်ခွဲထွက်ခြင်း |

မှတ်စုများ။

၁)ဖယ်ဒရေးရှင်းဟာ ဒေသတွင်းနိုင်ငံရေးအထက်တန်းလွှာတချို့ရဲ့ထောက်ခံမှုရှိပေမဲ့ လူထုအကြိုက်နည်းခဲ့ပါတယ်။ ဂျာမေကာမှာ ဆန္ဒခံယူပွဲဖြင့် အပြတ်အသတ်အောင်ပွဲက ဖယ်ဒရယ်အယူအဆကို အနိုင်ယူလိုက်တဲ့အခါမှာ ပြိုကျခြင်းစတင်ခဲ့ပါတယ်။

၂)ဖယ်ဒရေးရှင်းမှာ ညစလန်းအပြင် မြောက်ပိုင်းနဲ့တောင်ပိုင်းဟိုဒေရှတို့ပါဝင်ပါတယ်။ မည်သည့်ဆွေးနွေးညှိနှိုင်းပွဲ (သို့မဟုတ်) မည်သည့်ပူးပေါင်းဆောင်ရွက်ခြင်းတို့ကိုမျှ အာဖရိကန်တွေနဲ့ ကြိုးစားခြင်းမရှိဘဲနဲ့ ဖယ်ဒရေးရှင်းကို ပုံစံချထားပါတယ်။ အာဖရိကန်တွေက အယူအဆတခုလုံးကို ခါးခါးသီးသီးဆန့်ကျင်ခဲ့ကြပါတယ်။

၃)ဗြိတိန်ဟာ ဗမာကို လွတ်လပ်ရေးမပေးခင်မှာ လူမျိုးစုကွဲပြားတဲ့ဗမာကို ဖယ်ဒရယ်ပေါ်မှာအခြေရှာဖို့ ခိုင်ခိုင်မာမာပြောခဲ့ပါတယ်။ ဗိုလ်ချုပ်အောင်ဆန်းဟာ လူမျိုးစုလူနည်းစုတွေကို ဖယ်ဒရေးရှင်းနဲ့ပြည်နယ်တွေကိုဖွဲ့ဖို့ ဖျောင်းဖျခဲ့ပါတယ်။ ကရင်ခေါင်းဆောင်ပိုင်းက ဆွေးနွေးပွဲကို သပိတ်မှောက်ခဲ့၍ ဖယ်ဒရေးရှင်းဟာ သူတို့ပြည်နယ်နယ်နိမိတ်များကို အဆုံးသတ်ခြင်းမရှိဘဲစတင်ခဲ့ပါတယ်။ ဗမာလွှမ်းမိုးမှုကို မကျေနပ်တဲ့ ကရင်နယ်မြေတွေနဲ့ တခြားနယ်မြေတွေမှာ တိုက်ခိုက်ခြင်းတွေ အကျိုးဆက်ဖြစ်ပေါ်ခဲ့ပါတယ်။ မတည်ငြိမ်မှုတွေက အာဏာသိမ်းသူတွေကို အကြောင်းပြချက်ပေးခဲ့ပါတယ်။

၄)အာဟီဒယွတ် အနောက်ကန်မရွန်းထက် လူဦးရေ၊နယ်မြေနဲ့ ချမ်းသာကြွယ်ဝမှုအရ ပိုကြီးမားခဲ့တဲ့ အရှေ့ကန်မရွန်းမှ လာခဲ့ပါတယ်။ ကန်မရွန်းတခုလုံးတည်ရှိမှုဟာ ဖြစ်ချင်တော့ ပထမကမ္ဘာစစ်အကြို ဂျာမန်ကိုလိုနီဝါဒရဲ့အမွေဖြစ်ခဲ့ပါတယ်။ အရှေ့နဲ့အနောက်ကန်မရွန်းဟာ ဂျာမန်ကိုလိုနီရဲ့မဟာမိတ်ပြုထားတဲ့တိုင်းဒေသတွေရဲ့ အမွေအနှစ်များဖြစ်ခဲ့ပါတယ်။

၅) ဖယ်ဒရယ်ဝါဒက နှစ်လိုဖွယ်ဖြစ်ခဲ့လားဆိုတဲ့အပေါ်မှာ နိုင်ငံသစ်ခေါင်းဆောင်တွေကို သဘောကွဲစေခဲ့ပါတယ်။ ဘယ်ဂျီယမ်တွေက ဖယ်ဒရယ်ဖွဲ့စည်းပုံကို ပြဋ္ဌာန်းခဲ့ပြီး၊တိုင်းပြည်ဟာ ခွဲထွက်ရေးနဲ့ ပြည်တွင်းစစ်ချက်ချင်းဖြစ်လုနီးပါး ဖြစ်ခဲ့ပါတယ်။

၆)အီတလီကိုလိုနီဟောင်းအနေနဲ့ အီရတ်ထရီအာကို ယူအစ်အဆိုတင်သွင်းတဲ့ ကုလသမဂ္ဂကဆုံးဖြတ်ချက်ဖြင့် အီသီယိုးပီးယားနဲ့ပူးပေါင်းခဲ့ပါတယ်။

၇)ဖယ်ဒရယ်ဝါဒဟာ ဒချ်တွေလွှမ်းမိုးမှုကို ရှောင်ရှားဖို့ရည်ရွယ်ခဲ့တဲ့ ခွဲခြားအုပ်ချုပ်ရေးနည်းဗျူဟာအဖြစ် ကျယ်ကျယ်ပြန့်ပြန့် မှတ်ယူခဲ့ကြပါတယ်။ ယနေ့အင်ဒိုနီးရှားမှာ ဖယ်ဒရယ်ဝါဒကို ကြိုးစားနေတဲ့လူတွေဟာ ဒီအမွေဆိုးကို ရင်ဆိုင်နေရတုန်းပါပဲ။

၈) ကုလသမဂ္ဂကက ဒုတိယကမ္ဘာစစ်မတိုင်ခင် အီတလီထိန်းချုပ်ခဲ့တဲ့ ဒေသသုံးခုဖြစ်တဲ့ ထရီပိုလီတန်နီအာ၊ ဖာဇန်နဲ့ စီရန်နိုက်ကာတို့ကို ဖယ်ဒရေးရှင်းဖြစ်ဖို့ ကြိုးပမ်းခဲ့ပါတယ်။ ဖယ်ဒရယ်ဝါဒကို အတိုက်အခံပြုခြင်းဟာ ထရီပိုလီတန်နီအာမှာ အပြင်းထန်ဆုံးဖြစ်ပေမဲ့ ဒေသတစ်ခုချင်းဆီမှ ဒေသခံအထက်တန်းလွှာရဲ့အထူးကော်မရှင်က ၄င်းကိုအတည်ပြုခဲ့ပါတယ်။စီရန်နိုက်ကာရဲ့ စော်ဘွားဟာ ဖယ်ဒရယ်နိုင်ငံသစ်ရဲ့ ဘုရင်ဖြစ်လာပြီးတော့ သူ့ဒေသမှာ ရေနံရှာတွေ့ပြီးနောက် နောက်ဆုံးမှာ ဖယ်ဒရယ်ဝါဒကို ဖျက်သိမ်းခဲ့ပါတယ်။ လွတ်လပ်ရေးရပြီးနောက်မကြာခင်မှာ ပါတီတွေကို ပိတ်ပင်ခဲ့ပါတယ်။

၉) မာလီဖယ်ဒရေးရှင်းကို ဖွဲ့စည်းတည်ထောင်ခဲ့တဲ့အချိန်မှာ တိုင်းပြည်နှစ်ခုလုံးဟာ ပြင်သစ်ကွန်မြူနတီရဲ့အစိတ်အပိုင်းဖြစ်ခဲ့ပါတယ်။ ဆီနီကောဟာ (၁၉၆၀၊ဇွန်မှာ) လွတ်လပ်ရေးရလာခဲ့ပြီး၊ ဆူဒန်ဟာ အာဏာကိုဗဟိုချုပ်ကိုင်မှုပြုဖို့ ကြိုးစားနေတယ်ဆိုတာကို အခိုင်အမာဆိုလျက် ဩဂုတ်လ၊၂၀မှာ ဖယ်ဒရေးရှင်းမှ နုတ်ထွက်ခဲ့ပါတယ်။

၁၀) ဗြိတိန်ဟာ ကိုလိုနီနိုင်ငံတွေကို လွတ်လပ်ရေးပေးပြီးနောက် ကွန်မြူနစ်အစိုးရကို ဆန့်ကျင်တဲ့ အကာအကွယ်တံတိုင်းအနေနဲ့ ဖယ်ဒရေးရှင်းကို ကြိုးပမ်းခဲ့ပါတယ်။ဗြိတိန်က လက်နက်ကိုင်တပ်တွေနဲ့ စစ်ရေးကိစ္စများကို ထိန်းချုပ်ထားရလောက်အောင် လုံခြုံရေးစိုးရိမ်ချက်များဟာ ကြီးမားလွန်းခဲ့ပါတယ်။ နှစ်နိုင်ငံလုံးမှာရှိတဲ့ ကွန်မြူနစ်ပါတီတွေက ပေါင်းစပ်ဖို့ကို အပြင်းအထန် ယှဉ်ပြိုင်ကြပြီးတော့ လူမျိုးစုတရုတ်တွေက မလေးလွှမ်းမိုးမှုကို စိုးရိမ်ခဲ့တဲ့ တခြားပါတီတွေကလည်း အပြင်းအထန်ယှဉ်ပြိုင်ကြပါတယ်။ အင်ဒိုနီးရှားမှ လူမျိုးစုအဓိကရုဏ်းတွေနဲ့ ရန်လိုမှုတွေက မလေးရှားဝန်ကြီးချုပ်အတွက် နိုင်ငံရေးအရ တန်ဖိုးကြီးလွန်းတာဖြစ်သည့်တိုင်အောင် နှစ်နိုင်ငံလုံးရဲ့ ဝန်ကြီးချုပ်တွေက ပေါင်းစပ်ခြင်းကို ထောက်ခံခဲ့ပါတယ်။

၁၁)ပါကစ္စတန်မှာ ပြဋ္ဌာန်းခဲ့တဲ့ဖယ်ဒရယ်အင်စတီကျူးရှင်းတွေထက် ဖယ်ဒရယ်နယ်နိမိတ်မျဉ်းတွေဖြစ်ခဲ့ပါတယ်။ ပါကစ္စတန်ကိုတည်ထောင်သူ မိုဟာမက်အလီဂျင်းနားက ဘန်ကောတစ်ခုလုံး၊ပန်ဂျက်တစ်ခုလုံး၊ကရှ်မီး၊ ရန်အော့ကူချ်၊ ဆန်ဒ်၊ ဘယ်လူချစ်စတန်နဲ့ အနောက်မြောက်နယ်ခြားတွေပါဝင်လိမ့်မဲ့ ဖယ်ဒရယ်နိုင်ငံကို မျှော်မှန်းစိတ်ကူးခဲ့ပါတယ်။ ပါကစ္စတန်ဟာ ဘီဟာရ်နဲ့ ယူတာပရာဒရှ်ရဲ့ အိန္ဒိယပြည်နယ်တွေမှ ခွဲထွက်ခဲ့တဲ့ အလွန့်လွန်ကွဲပြားတဲ့ ဂိုဏ်းခွဲတွေနဲ့ ကွဲထွက်သွားတဲ့နိုင်ငံတစ်ခုလိုမျိုး ဒါထက်မနည်းတော်တော်များများနဲ့ အဆုံးသတ်ခဲ့ပါတယ်။ ပါကစ္စတန်ရဲ့ပထမဆုံးဖယ်ဒရယ်ဖွဲ့စည်းပုံရက်စွဲဟာ ၁၉၄၇ ဖြစ်ခဲ့ပါတယ်။ ပါကစ္စတန်ဟာ ဖွဲ့စည်းပုံကို ၁၉၅၇မှာ ပြန်ရေးဆွဲခဲ့ပေမဲ့ ၁၉၆၂မှာ တတိယဖွဲ့စည်းပုံက နယ်ဘက်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ကို ပယ်ဖျက်ခဲ့ပြီးနောက် ၁၉၆၉မှာ နောက်ထပ်ဖွဲ့စည်းပုံဖြင့် ပြင်ဆင်မွမ်းမံခဲ့ပါတယ်။

ဖယ်ဒရယ်မှုပြုခြင်းဟာ ကုထုံးတစ်ခုမဟုတ်ဘဲ ဖယ်ဒရယ်ဝါဒဟာ ငြိမ်းချမ်းရေးဒါမမဟုတ် တခြားဘယ်အရာတွေကိုမှ အာမမခံပါဘူး။ ဒီလိုရွေးချယ်မှုကို ပစ်ပယ်သင့်တယ်ဆိုတဲ့ အခြေအနေတွေကတော့ အသေအချာပါပဲ။ ဒါပေမဲ့ ယုတ္တိအမှားအကြောင်းပြချက်တွေအတွက် ဖယ်ဒရယ်ဝါဒကို မငြင်းပယ်ဖို့အရေးကြီးပြီးတော့ ဖယ်ဒရယ်ဝါဒဟာ ခွဲထွက်ရေးဝါဒကို ဖြစ်ပေါ်စေတယ်ဆိုတာကို ဆွေးနွေးဖို့ သမိုင်းကြောင်းအရ မမှန်ကန်ပါဘူး။ ဖယ်ဒရယ်ဝါဒဟာ ခွဲထွက်ရေးဝါဒနဲ့ ဘယ်အချိန်ဆက်နွယ်ပတ်သက်ဆိုတာနဲ့ ဘယ်အချိန်မှာ မပတ်သက်ဘူးဆိုတာကို ရှင်းပြဖို့ ပိုပြီးနှိုင်းယှဉ်လေ့လာတဲ့သုတေသနတွေလိုအပ်ပါတယ်။

ဖယ်ဒရယ်ဝါဒဟာ ပါတီစနစ်တွေကို ဘယ်လိုသက်ရောက်မှုတွေရှိသလဲဆိုတဲ့အပေါ်မှာ ပိုပြီးနိုင်းယှဉ်လေ့လာတဲ့သုတေသနတွေ ကျွန်မတို့ဟာပိုလိုအပ်ပါတယ်။ အာရ်ကန် ဝီဇာရဲ့ မကြာခင်ကလက်ရာက အနုတ်လက္ခဏာခန့်မှန်းချက်များ တသီတတန်းကို ပပျောက်စေခဲ့ပါတယ်။ ရှေ့ရောက်နေတဲ့ဒီမိုကရေစီနိုင်ငံများမှာ ဖယ်ဒရယ်ဝါဒအကြောင်းသူ့ရဲ့လေ့လာမှုဟာ ဖယ်ဒရယ်ဝါဒဟာ ဥပဒေပြုရေး အစိတ်အပိုင်းများပေါ်မှာ အချုပ်အချယ်ကင်းတဲ့အကျိုးတရားရှိပြီးတော့ ဖယ်ဒရယ်ဝါဒနဲ့ နိုင်ငံရေး စနစ်ကိုဆန့်ကျင်တဲ့ပါတီတွေကြီးထွားလာမှုကြား ရှင်းလင်းတဲ့ဆက်နွယ်မှုမတွေ့ရဘူးဆိုတဲ့ အထောက်အထားဟာမရှိသလောက်ဆိုတာကို တွေ့ရှိရပါတယ်။ သူက ဖယ်ဒရယ်ဝါဒနဲ့ အချိုးမညီတဲ့ အထက်လွှတ်တော်ကြားမှာ ခိုင်မာတဲ့ နှီးနွယ်မှုရှိပေမဲ့ ဒါက လူနည်းစုတွေအတွက် တန်ဖိုးရှိတဲ့အကာအကွယ်ကို ပေးတဲ့ စောင့်ကြည့်ထိန်းကျောင်း ပေးတယ်ဆိုတာကို ဆွေးနွေးထားပါတယ်။ ဒီယေဘုယျကောက်ချက်ချခြင်းတွေဟာ ရှေ့ရောက်နေတဲ့ဒီမိုကရေစီနိုင်ငံအပြင်ဘက်မှာ ဝင်ဆံလားဆိုတာကတော့ နီးနီးကပ်ကပ်အာရုံစိုက်ထိုက်ပါတယ်။

## ပြဋ္ဌာန်းထားတဲ့ဖယ်ဒရယ်စနစ်ရဲ့ အန္တရာယ်များ

ဖယ်ဒရယ်ဝါဒရဲ့အန္တရာယ်တွေရဲ့ သတိပေးချက်တွေဟာ အနီးကပ်အာရုံစိုက်ထိုက်ပါတယ်။ အခြားတစ်နေရာမှာ တကယ့်ကိုအပေါင်းလက္ခဏာပိုဆောင်တဲ့ အကဲဖြတ်ချက်တွေနဲ့အတူ နှောင်းပိုင်းကွန်မြူနစ်နိုင်ငံတွေမှာ ဖယ်ဒရယ်ဝါဒရဲ့စိတ်ပျက်ဖွယ်သုံးသပ်ချက်များကို ကျွန်မတို့ဟာဘယ်လို ရင်ကြားစေ့နိုင်မလဲ။ အဲဖရက်ဒ် စတီဖန်ဟာ စနစ်မူရင်းများရဲ့အရေးပါမှုကို ထောက်ပြခြင်းဖြင့် ကျွန်မတို့ကို ခိုင်မာတဲ့ဦးတည်ချက်ပေးခဲ့ပါတယ်။ နှောင်းပိုင်းကွန်မြူနစ်အထောက်အထားတစ်ခုစီမှာ ကျဆုံးသွားတဲ့ဖယ်ဒရယ်ဝါဒတွေဟာ အာဏာရှင်လူတစ်စုရဲ့ပုံစံသွင်းထားတဲ့ အတိတ်ရဲ့အမွေ၊ ချမှတ်ထားတဲ့စည်းမျဉ်းရဲ့အမွေတို့ဖြစ်ပါတယ်။ဆိုဗီယက်ပြည်ထောင်စုမှ ခွဲထွက်ခဲ့တဲ့ နိုင်ငံတွေမှာ ဒုတိယကမ္ဘာစစ်အပြီးမှာ မော်စကိုမှာ ဇဟိုပြုထားတဲ့ တကယ့်ကိုထူးခြားတဲ့အင်ပါယာရဲ့ အဲ့ဒီနိုင်ငံတွေပေါ်မှာ ပြဋ္ဌာန်းထားတဲ့ ဖယ်ဒရယ်အဆင့်အတန်းရှိပါတယ်။၂၄ ယူဂိုဆလားဗီယားမှာ ကွန်မြူနစ်မဟုတ်သူတွေ အသံမပါတဲ့ ဖွဲ့စည်းပုံရေးဆွဲရေးအဖွဲ့အစည်းကို ဦးဆောင်တဲ့ ကွန်မြူနစ်ပါတီက အဲ့ဒီနိုင်ငံပေါ်မှာ ပြဋ္ဌာန်းထားတဲ့ ဆိုဗီယက်ပုံစံဖွဲ့စည်းပုံရှိခဲ့ပါတယ်။၂၅ ချက်ကိုဆလိုဗက်ကီးယားမှာ ချက်ဒေသကို သီးသန့်ခွဲထုတ်ခြင်းရဲ့ နည်းလမ်းတစ်ခုအနေနဲ့ ၁၉၆၈မှာ ဆိုဗီယက်က ဖယ်ဒရယ်ဝါဒကို ပြဋ္ဌာန်းပေးခဲ့ပါတယ်။ အဲ့ဒီဒေသမှာ ပရပ်နွေဦးနောက်ကွယ်မှာ လွတ်မြောက်ရေးတပ်များကို အခြေချထားပါတယ်။

သတ်မှတ်ပြဋ္ဌာန်းခံထားရတဲ့ဖယ်ဒရယ်စနစ်ဟာ ရေရှည်တည်တံ့လိမ့်မှာမဟုတ်ဘူးဆိုတာကို ထင်ရတဲ့ ခိုင်မာတဲ့ အကြောင်းပြချက်တွေရှိပါတယ်။ ဖယ်ဒရယ်စကားလုံးရဲ့ဇစ်မြစ်ဟာ လက်တင်အခ်ိပ္ပါယ် ဖိုးဒပ်ဖြစ်ပါတယ်။ဖိုဒပ်အခ်ိပ္ပါယ်ကတော့ ကတိကဝတ် (သို့မဟုတ်)တရားဝင်သဘောတူညီချက် ဖြစ်ပါတယ်။ ကတိကဝတ်တွေကတော့ စိတ်စေတနာအလျောက်ဖြစ်ရပါမယ်။ ဒန်နီအလ် အလဇ်ဇာက လွန်ခဲ့တဲ့နှစ်ပေါင်းများစွာက ရှင်းပြသလိုမျိုး၊ ဖယ်ဒရယ်ဖြစ်စဉ်တွေဟာ မိတ်ဖက်အသိလိုအပ်ပြီး ၂၆ ဒီလိုအသိတွေကိုသတ်မှတ်ပြဋ္ဌာန်းလို့မရနိုင်ပါဘူး။ အပြင်ဘက်အင်အားစုတွေက သတ်မှတ်ပြဋ္ဌာန်းထားတဲ့ဖယ်ဒရယ်စနစ်တွေဟာ ပြဿနာအမြဲရှိပြီး သက်တမ်းအမြဲတိုတယ်ဆိုတာကို ဇယား၄က သာဓကနဲ့ပြထားပါတယ်။

တစ်ပိုင်းတစ်စစီကွဲသွားခဲ့ပြီး(သို့မဟုတ်)တစ်ပြည်ထောင်ဝါဒကို ပြောင်းသွားခဲ့တဲ့ ဖယ်ဒရယ်စနစ်တိုင်းဟာ (အမြဲတမ်း ကိုလိုနီ)ပြင်ပအာဏာက သတ်မှတ်ပြဋ္ဌာန်းခဲ့ပါတယ်။ နှောင်းပိုင်းကွန်မြူနစ်ဥရောပမှာ ပြိုကျခဲ့တဲ့ စနစ်တွေလိုမျိုး ဒီကျဆုံးခဲ့တဲ့ အထောက်အထားတွေဟာ ကျွန်မတို့က အကျပ်ကိုင်စုစည်းထားတဲ့ ဖယ်ဒရယ်ဝါဒလို့

ခေါ်ကောင်းခေါ်နိုင်တဲ့ အမျိုးအစားကွဲတစ်ခုရဲ့ ဥပမာတွေအားလုံးဖြစ်ပါတယ်။၂၇ သိသိသာသာကွဲပြားတဲ့အထောက်အထားတွေကြားမှာ ဒီဖြစ်နေကျအရာဟာ တိုက်ဆိုင်မှုရဲ့ အကျိုးရလဒ်တော့မဟုတ်ပါဘူး။ ဖယ်ဒရယ်သဘောတူချက်တွေဟာ ရှင်ကျန်ရစ်မယ်ဆိုရင် ဒေသတွင်းကတိကဝတ်တွေပါမှာ ဒီဖယ်ဒရယ်သဘောတူချက်တွေက အခြေခံရမယ်ဆိုတဲ့ ခိုင်လုံတဲ့ အထောက်အထားရှိပါတယ်။

မအောင်မြင်ခဲ့တဲ့အထောက်အထားများရဲ့စာရင်းဟာ နောက်ထပ်ဖြစ်နေကျအရာတစ်ခုကိုလည်း ပြပါတယ်။ ခွဲထွက်ရေးပြည်တွင်းစစ်ကို မွေးဖွားပေးခဲ့တဲ့ ကျဆုံးခဲ့တဲ့ဖယ်ဒရယ်နိုင်ငံအသီးသီးဟာ လုံးဝအာဏာရှင်နိုင်ငံတစ်နိုင်ငံဖြစ်ရင်ဖြစ် ဒါမှမဟုတ် ဒီမိုကရက်တစ်မကျတဲ့ပါတီဦးဆောင်တဲ့ ရုပ်လုံးမပေါ်သေးတဲ့အစိုးရဖြစ်မှာပါ။ ဘယ်အကြိမ်းဖက်ခွဲထွက်ရေးလှုပ်ရှားမှုမဆို ဖယ်ဒရယ်ဒီမိုကရေစီနိုင်ငံမှာ ဘယ်တော့မှမအောင်မြင်ခဲ့ဘူးပါ။

ဖယ်ဒရယ်ဝါဒနဲ့၎င်းရဲ့အကျိုးတရားများအကြောင်းမသိသေးတာတွေ အများကြီးရှိသော်လည်း၊ ပိုင်နက်နယ်မြေကွဲအက်ကြောင်းတွေရဲ့ အောင်မြင်တဲ့စီမံခန့်ခွဲမှုမှာ နိုင်ငံရေးဆိုင်ရာအင်စတီကျူးရှင်းတွေနဲ့ လုပ်စရာတွေအများကြီးရှိတယ်ဆိုတာ ရှင်းပါတယ်။ လိုအပ်တဲ့အင်စတီကျူးရှင်းအထောက်အပံ့များဟာ ဖယ်ဒရယ်နဲ့ဒီမိုကရက်တစ်နှစ်ခုလုံးမှာ ရှိကောင်းရှိပေမဲ့ ဒါဟာ အဖြေရဲ့အစမျှသာဖြစ်ပါတယ်။ ရွေးကောက်ပွဲဥပဒေများဒီဇိုင်း၊ ရွေးကောက်ပွဲများအချိန်ဇယား၊ နိုင်ငံနယ်နိမိတ်မျဉ်းများဆွဲခြင်းနဲ့ လူအများစု(သို့မဟုတ်)အများသဘောတူတဲ့ ဖွဲ့စည်းတည်ဆောက်ပုံလိုမျိုး နည်းပညာရပ်ဆိုင်ရာ ကိစ္စများအပါအဝင် အောင်မြင်မှုနဲ့ကျဆုံးခြင်းကြားမှာ ကွဲပြားမှုကို ဖြစ်စေနိုင်တဲ့ ဒီမိုကရေစီစနစ်နဲ့ ဖယ်ဒရယ်စနစ်များအတွင်းမှာ ကြီးမားတဲ့အင်စတီကျူးရှင်းဆိုင်ရာကွဲပြားခြားနားမှုတွေရှိပါတယ်။ နိုက်ဂျီးရီးယားဟာ ပထမအကြိမ်မှာ တလွဲအင်စတီကျူးရှင်းကိုရရှိခဲ့ပြီး အကျိုးရလဒ်အနေနဲ့ ပြည်တွင်းစစ်မှာ အနည်းဆုံးလူတစ်သန်းဆုံးရှုံးခဲ့ပါတယ်။ ဒါပေမဲ့ နိုက်ဂျီးရီးယားနဲ့အိန္ဒိယတို့မှာ ဖယ်ဒရယ်ဝါဒဟာ ခွဲထွက်ရေးဖိအားတွေကို လျှော့ဆော်တာထက် ၎င်းတို့ကို ပိုသက်သာစေဖို့(သို့မဟုတ်)ထိန်းချုပ်ဟန့်တားဖို့ လုပ်ဆောင်တယ်ဆိုတာကို ရည်ရွယ်ပြီး နှစ်နိုင်ငံလုံးမှာရှိတဲ့ ခေါင်းဆောင်များဟာ အင်စတီကျူးရှင်းဆိုင်ရာ ပြုပြင်ပြောင်းလဲရေးကို လုပ်ဆောင်ဖို့ လိုလိုလားလားရှိကြပါတယ်။၂၈ နိုင်ငံရေးခေါင်းဆောင်တွေဟာဆန္ဒအလျောက် ဖယ်ဒရယ်ဝါဒကို ပြဋ္ဌာန်းရမယ်ဆိုရင်ဘယ်အင်စတီကျူးရှင်းဆိုင်ရာမူကွဲများက ၎င်းတို့တိုင်းပြည်နဲ့ အလိုက်ဖက်ဆုံးဖြစ်သလဲဆိုတာကို ထိုခေါင်းဆောင်များသိရပါလိမ့်မယ်။ ဒါက နှိုင်းယှဉ်လေ့လာမှုတွေက အသုံးဝင်တယ်လို့သက်သေပြနိုင်တဲ့နေရာဖြစ်ပါတယ်။ ဘာရီ ဝန်ဂစ်တ်က ဈေးကွက်ထိန်းသိမ်းခြင်း ဖယ်ဒရယ်ဝါဒလို့ခေါ်တဲ့အရာကို နောက်ပိုင်းမှာ လူမှုရေးသိပ္ပံပညာရှင်များက အလွန်အာရုံစိုက်ခဲ့ကြပါတယ်။ ကျွန်မတို့အာရုံစိုက်မှုကို ငြိမ်းချမ်းရေးထိန်းသိမ်းခြင်း ဖယ်ဒရယ်ဝါဒဆီသို့ ဦးလှည့်ရမဲ့အပြင် အသက်တွေကို ဘယ်လိုအင်စတီကျူးရှင်းအမျိုးအစားတွေက ကယ်သလဲဆိုတာကို လေ့လာရမယ့် အချိန်ပါပဲ။